မြန်မာနိုင်ငံကွန်ပျူတာ လုပ် ငန်းရှင်အသင်းသည် အဆိုပါ ဂိမ်းပွဲသို့ ဝင်ရောက်ပြသနိုင်ရန် အသင်းဝင်များဆီသို့ ဖိတ်ခေါ်မှု များပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့အ နေဖြင့် ဂိမ်းပြပွဲသို့ကိုယ်ပိုင်ဂိမ်းများ ပေးပို့၍ပြသလိုပါက ထပ်မံပေး ပို့ရန် ဖိတ်ခေါ်ထားသည်။ ဂိမ်းပြပွဲ သို့ ဝင်ရောက်ပြသရန် ဂျပန်နိုင်ငံ မှ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတ ကာမှ နာမည်ကြီးဂိမ်းကုမ္ပဏီများ လည်း လာရောက်ပြသကြမည်ဖြစ် သည်။

နှစ်ပေါင်း (၃၀) ကျော်အတွင်း ပထမဦးဆုံးသော တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းစမ်းသပ်ထုတ်လွှင့်

ကျော်လေထျ
နေပြည်တော်၊ စက်တင်ဘာ ၉

မြန်မာနိုင်ငံအတွင်း၌ တိုင်း ရင်းသားလူမျိုးများအတွက် ရည် ရွယ်သော ရုပ်သံလိုင်းဖြစ်သည့် တိုင်းရင်းသားလူမျိုးများ ရုပ်သံ လိုင်း (National Races Channel) အကြိုစမ်းသပ် ထုတ်လွှင့်ခြင်းအ ခမ်းအနားကို နေပြည်တော်တပ် ကုန်း၌ မြန်မာ့ရုပ်မြင်သံကြား အ ဆောက်အဦတွင် စက်တင်ဘာလ (၇) ရက်က ကျင်းပခဲ့သည်။

အဆိုပါရုပ်သံလိုင်းတွင် တိုင်း ရင်းသားဘာသာကြီး (၈) မျိုး၊ ဘာ သာခွဲ (၁၁) မျိုးဖြင့် ထုတ်လွှင့်မည် ဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီ ညွတ်ရေး၊ အမျိုးသားပြန်လည်သင့် မြတ်ရေးအတွက် အထောက်အကူ ပြုရန်ရည်ရွယ်ကြောင်းနှင့် မြန်မာ နိုင်ငံတွင်ရုပ်မြင်သံကြားကို ၁၉၈၀ ကျော်ကတည်းက စတင်ထုတ်လွှင့် ခဲ့သည်ဖြစ်ရာ နှစ်ပေါင်း (၃၀) အ တွင်း ပထမဦးဆုံး အနေဖြင့် တိုင်း ရင်းသားများ၏ ဝတ်စုံ၊ တိုင်းရင်း သားများ၏ စကားဖြင့် ထုတ်လွှင့် သော လိုင်းဖြစ်ကြောင်း ပြန်ကြား ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးရဲထွဋ်က အဆိုပါအခမ်းအနား တွင် ပြောကြားသည်။

လက်ရှိအခြေအနေတွင် DVB T2 အဆင့်သင့်ဖြစ်နေပြီဖြစ်သည့် ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော် တွင် စတင်ထုတ်လွှင့်မည်ဖြစ်ပြီး Sky Net, MRTV အခပေးရုပ်သံ လိုင်းများတွင်ပါထည့်ပြီး ထုတ် လွှင့်မည်ဖြစ်ကြောင်း ယခုလက်ရှိ တွင် DVB T2 အနေဖြင့် 3 SET ရှိပြီး နောက်ထပ်စက်ပေါင်း 21 SET ထပ် ဝယ်ပြီးပါက ၂၀၁၄ ခုနှစ်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများ တွင် ထုတ်လွှင့်သွား မည်ဖြစ် ကြောင်းနှင့် ၂၀၁၉ ခုနှစ်တွင် မြန်မာ နိုင်ငံတစ်ဝှမ်းလုံးရှိ ဒေသအများစု တွင် အခမဲ့ဖမ်းယူကြည့်ရှုသွားနိုင် မည်ဖြစ်ကြောင်း၎င်းကထပ်မံပြော ကြားခဲ့သည်။

အဆိုပါ ရုပ်သံလိုင်းအတွက် တိုင်းရင်းသားရေးရာဝန်ကြီးများ နှင့် လည်းဆွေးနွေးညှိနှိုင်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနအာက်မှ လည်း ယခုထုတ်လွှင့်မည့် ရုပ်သံ လိုင်းသည် အစိုးရဝဟိုပြုရုပ်သံ လိုင်းမဟုတ်ဘဲ ပြည်သူဗဟိုပြု ရုပ် သံလိုင်းဖြစ်ကြောင်းပြောကြားခဲ့ သည်။ တိုင်းရင်းသားဧလေ့ ထုံး ထမ်းယဉ်ကျေးမှုများ၊ စာပေဂီ တများ၊ အထိမ်းအမှတ်များနှင့် သက်ဆိုင်ရာ ပြည်နယ်သတင်း များ၊ အခြားသိသင့်သိထိုက်သော သတင်းများကို တိုင်းရင်းသားဘာ သာဖြင့် ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။

Internet Journal
Vol.14, No.36 | Thursday, September 19, 2013

HDMI Multimedia Player

အေးဖြူ
ရန်ကုန်၊ စက်တင်ဘာ ၁၂

Hard drive, SD Card, USB Device ထဲမှ Photo, movie, music များစွာကို TV, Projector များနဲ့ တွဲဖက်ကာ entertainment များစွာကိုစိတ်ကြိုက်ခံစားအသုံးပြုနိုင်မယ့် Player ဖြစ်ပါတယ်။ Sata Hard Drive ကို Internal အနေနဲ့ထည့်သွင်းအသုံးပြုနိုင်ပြီး external hard drive များနဲ့လည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Maximum Hard drive capacity ကို 750GB အထိအသုံးပြုနိုင်မှာဖြစ်ပါတယ်။ HDMI, AV နှစ်မျိုးစလုံးနဲ့ Output ထုတ်ပေးသောကြောင့် နှစ်သက်ရာတွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် HDMI Output ကို အသုံးပြုမယ်ဆိုရင် 1080 p High definition resolution နဲ့အပြည့်အဝခံစားကြည့်ရှုနိုင်မှာဖြစ်တယ်။ 5.1 channel Stereo အသံထွက်ကို ရရှိစေနိုင်ပြီး Standard format မျိုးစုံကို support လုပ်ပေးနိုင်တဲ့player ဖြစ်ပါတယ်။IR Sensor ပါဝင်ပေးထားပြီး Remove Control နဲ့လည်း အဝေးကနေ အသုံးပြုလို့ရမှာဖြစ်ပါတယ်။ဈေးနှုန်း ၄၉,၈၀၀ ကျပ်ဖြင့် F@X Computer ဖုန်း-၃၈၉၃၇၇၊ ၀၉-၉၁၀၆၉၂၀၆ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

Power Bank

ဝဝဝ
ရန်ကုန် ၊ စက်တင်ဘာ ၁၂

iPhone, iPad များတွင်သာအသုံးပြုနိုင်တဲ့ Power 9 အမှတ်တံဆိပ် CNV-130 မော်ဒယ် Power Bank တစ်မျိုးဖြစ်ပါတယ်။ အားသိုလှောင်သိမ်းဆည်းမှုပမာဏက 18200 mAh ဖြစ်ပါတယ်။ ဖုန်းနှစ်လုံးကို တစ်ပြိုင်နက် အားသွင်းယူနိုင်ပြီး အချိန်ကြာမြင့်စွာဘက်ထရီအားကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Input အနေဖြင့် DC 5.0 V/A ရှိမှာဖြစ်ပြီး Output အနေဖြင့် 5.0V/A အထွက်ရှိမှာဖြစ်ပါတယ်။ ဘက်ထရီအားပြည့် မပြည့်ကို LED မီးလုံးသေး (၄) လုံး နဲ့ပြသပေးသလိုမီးအားဝင်မဝင်ကိုလည်း LED မီးလုံးကြီးတစ်ခုနှင့်ပြသပေးမှာဖြစ်ပါတယ်။ အရောင်အနေဖြင့် အပြာ၊ အမည်း၊ငွေရောင်ဆိုပြီး အရောင်၃ရောင်ရှိမှာဖြစ်ပါတယ်။ အာမခံအနေဖြင့် (၆) လပေးထားပါတယ်။ စိတ်ပါဝင်စားသူများ အနေဖြင့် T-Land ဖုန်း-၃၈၂၈၆၈၊ ၃၉၈၃၄၃၃၃ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

AKAI Full HD LED Monitor

အောင်အောင်
ရန်ကုန်၊စက်တင်ဘာ ၄

အရည်အသွေး ကောင်းတဲ့ ပစ္စည်းမှသုံး ချင်သူတွေအဆင်ပြေစေမယ့် ကွန်ပျူတာသုံး Monitor မော်ဒယ်သစ် AKAI အမျိုးအစား ALM 2201 FHD စျေးကွက်ဝင်လာပါတယ်။ အချယ်အစားက ၂၂"ဖြစ်ပြီး ရုပ်ထွက်ကောင်းမွန်တဲ့ LED Backlight နဲ့ဖြစ်ပါတယ်။ မီးအားစားသက်သာပြီးကြည့်ရှုရတာပိုအရောင်စုံလင်ကောင်းမွန် တယ်လို့ဆိုပါတယ်။ Full HD အရည်အသွေး 1920x1080 Resolution ရှိပါတယ်။22" ကို 16:9 Ratio အစစ်နဲ့ကြည့်ရှုနိုင်ပြီး Viewangle 170 Degree အထိရှိပါတယ်။ Screen ပေါ်မှာ Anti-Glare Coating ပါဝင်ပါတယ်။ Contrast ratio 10000:1 ရှိပြီး Response time 5 MS ပဲရှိပါတယ်။ ပုံမှန်လုပ်ငန်းသမားအပြင် ဒီဇိုင်းသမားနဲ့ CCTV Monitor အဖြစ်ပါသုံးနိုင်ပါတယ်။ စားပွဲတင်၊ နံရံကပ်စိတ်ကြိုက်သုံးနိုင်ပြီးအချယ်အစားကကျစ်လျစ်လို့ပေါ့ပါးပါတယ်။ မီးစားသက်သာပြီး ပုံမှန်သုံးရင် ၃၆ဝပ်ရှိပါတယ်။ DC 12 V နဲ့သုံးနိုင်သလို အိမ်မီး AC220 V နဲ့သုံးနိုင်အောင်လုပ်ဆောင်ပေးမယ့် AC Adaptor လည်းပူးတွဲပါဝင်ပါတယ်။သုံးနှစ်အာမခံပေးထားပြီး တန်ဖိုးကကျပ် တစ်သိန်းသုံးသောင်းငါးထောင်ဝန်းကျင်ဖြစ်ပါတယ်။AKAI Showroom ဖုန်း ၂၁၅၁၅၆၊ ၂၃၀၀၁၉၉ အပြင်ကွန်ပျူတာပစ္စည်းဆိုင်တွေနဲ့ လျှပ်စစ်ပစ္စည်းဆိုင်တွေမှာဝယ်ယူရရှိနိုင်ပါတယ်။

Note II Extra Battery Kit

ကောင်းမြတ်ထွန်း
မန္တလေး၊ စက်တင်ဘာ ၁၂

အင်တာနက်ခွင့် ဂိမ်းအသုံးများတဲ့Note II ပိုင်ရှင်များအတွက် Note II Extra Battery Kit တစ်မျိုး မန်းမိုဘိုင်းစနစ်ကွက်ထဲကိုဝင်ရောက်လာပါတယ်။ Samsung battery original တစ်လုံးနှင့်အားသွင်းတဲ့ Dock တစ်ခုပါဝင်လာတယ်လို့သိရပါတယ်။ Battery အားကုန်ခါနီးကြိုးကို ထိုးသုံးရတဲ့အတွက် ဖုန်းပူခြင်း၊ အပူချိန်များပြီးဖုန်း IC လောင်ခြင်းရန်မှလည်းကာ ကွယ်ပြီးသားဖြစ်တယ်လို့သိရပါတယ်။ Battery ကိုဖြုတ်ပြီး အားသွင်းထားနိုင်မှာဖြစ်ပါတယ်။ဈေးနှုန်းက ၂၃,၀၀၀ ကျပ်ဝန်းကျင်ဖြစ်ပြီး Anycall Mobile (မန္တလေး) ဖုန်း - ၀၂-၇၁၁၂၂ သို့ဆက်သွယ် စုံစမ်းဝယ်ယူနိုင်ပါတယ်။

Change Voltage Laptop Adaptor

ကောင်းမြတ်ထွန်း
မန္တလေး၊ စက်တင်ဘာ ၁၃

မန်းကွန်ပျူတာစျေးကွက်အတွင်း သို့ Change Voltage Laptop Adaptor ဝင်ရောက်လာပါတယ်။Laptop အမျိုးမျိုးအတွက်Adaptor အဝင်ခေါင်း ၁၀ မျိုးထိပါဝင်လာပါတယ်။ ကင်မရာများ၊ ပရင်တာများ၊ LCD TV များ အတွက်လည်း ချိတ်ဆက်ပေးနိုင်မယ်လို့ သိရပါတယ်။DC ဗို့အားအထွက်ကို DC Volts, 12, 15, 16, 18, 19,20, 22,24 ဗို့ အထိပြောင်းလဲပေးနိုင်မယ်လို့ သိရပါတယ်။USB ပေါက်မှလည်း DC 5V အားထုတ်ပေးနိုင်တာကြောင့် ဖုန်း၊ ဟန်းဆက်များ MP3 Player , MP4 Player များကိုလည်းအားသွင်းပေးနိုင်မယ်လို့ သိရပါတယ်။ အသုံးပြုလိုသူများအနေဖြင့် i-TREND IT & Mobile (မန္တလေး) သို့ပွဲလမ်း၊ ဖုန်း-၀၉-၉၁၀၅၂၂၀၉ သို့ဆက်သွယ် စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါတယ်။

တံခါးခြောက်ခုပါဝင်တဲ့ Mitsubishi Electric (Folio) ရေခဲသေတ္တာ

သူရ
ရန်ကုန်၊ စက်တင်ဘာ ၁၂

Mitsubishi Electric ကနေ ထုတ်လုပ်လိုက်တဲ့ တံခါးခြောက်ခု ပါဝင်တဲ့ Mitsubishi MR-EX62S-AT မော်ဒယ် ရေခဲသေတ္တာကို ပြည်တွင်းအီလက်ထရွန်းနစ် ဈေးကွက်မှာ ဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ Power consumption ကိုလျော့ချပေးနိုင်တဲ့ Inverter Control Compressor ကိုအသုံးပြုထားပြီး Temperature Sensor ချစ်ခုထည့်သွင်းထားတဲ့ အတွက် ရေခဲသေတ္တာတွင်းက အပူချိန်ကိုလိုသလို ချိန်ညှိအသုံးပြုနိုင်မှာဖြစ်ပါတယ်။ Surround Multi Air-flow စနစ်ထောက်ပံ့ပါဝင်ပြီး Water Tank လည်း Built-in အနေနဲ့ပါဝင်ပါတယ်။ နောက်ပြီး အချက်ပေးစနစ်ဖြစ်တဲ့ door Alarm စနစ်၊ UV Automatic Ice Maker စနစ်၊ Save Mode စနစ်၊ Auto Closer စနစ်၊ Active Vio Deodorizer စနစ်စတာတွေ ထောက်ပံ့ပါဝင်ပြီး 14db သာရှိတဲ့အတွက်အသံထွက်ဆူညံမှုမရှိပါဘူး။Made in Japan အမျိုးအစား ဒီရေခဲသေတ္တာရဲ့တန်ဖိုးကတော့ ၃,၅၀၀,၀၀၀ ကျပ်ဝန်းကျင်ဖြစ်ပါတယ်။ PME Showroom ဖုန်း - ၂၀၂၁၁၇ သို့ဆက်သွယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။



Logitech z 323 Speaker System

ဝဝဝ
ရန်ကုန်၊
စက်တင်ဘာ ၁၂

Logitech အမှတ်တံဆိပ် Z323 မော်ဒယ် 2.1 speaker system တစ်မျိုးဖြစ်ပါတယ်။ သီချင်းနားထောင်တဲ့အခါ ရုပ်ရှင်ကြည့်တဲ့အခါနဲ့ ဂိမ်းကစားတဲ့ အခါတွေမှာ အသုံးပြုရန် အထူးသင့်လျော်တဲ့ Portable Speaker ဖြစ်ပါတယ်။ Total Output Power အနေဖြင့် 30 watt (RMS) ရှိတဲ့အတွက် အသံထွက်ကောင်းမွန်မှာ ဖြစ်ပါတယ်။ Subwoofer ကနေ 18 watt ထုတ်ပေးမှာ ဖြစ်ပါတယ်။ Bass အသံအက်ကွဲခြင်းမရှိဘဲ နားဆင်နိုင်မှာဖြစ်တယ်လို့သိရပါတယ်။ Input အနေဖြင့် StereoRCA, 3.5mmprimary input, 3.5mm auxilary input စတာတွေ ပါဝင်မှာဖြစ်ပါတယ်။ အာမခံအနေဖြင့် ၁နှစ်ပေးထားပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် Colour Star ဖုန်း - ၃၈၈၅၃၈၁ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

SPY Camera

ကိုအောင်
ရန်ကုန်၊ စက်တင်ဘာ ၁၁

ကြယ်သီးပုံစံ SPY Camera တစ်မျိုးဖြစ်ပါတယ်။ ဓာတ်ပုံရိုက်ကူးခြင်းအပြင် ဗီဒီယိုရိုက်ကူးခြင်း တွေကိုပါပြုလုပ်နိုင်မှာဖြစ်ပါတယ်။Memory အတွက် Micro SD ကတ်ကို ထည့်သွင်းအသုံးပြုရမှာဖြစ်ပါတယ်။ Micro SD ကတ်ကိုတော့ 32GB အထိထည့်သွင်းအသုံးပြုနိုင်မှာဖြစ်တယ်လို့သိရပါတယ်။ ကင်မရာမှာအသုံးပြုထားတဲ့ Image Sensor က 1/4 CMOS အမျိုးအစားဖြစ်ပါတယ်။အလေးချိန်က 180 g ရှိပါတယ်။ဗီဒီယိုရိုက်ကူးတဲ့အခါမှာတော့ 640x480 VGA ဖြင့်ရိုက်ကူးပေးမှာဖြစ်ပြီး AVI Formatဖြင့်သိမ်းဆည်းပေးမှာဖြစ်ပါတယ်။စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း - ၃၈၀၅၃၆၄ နှင့် ၂၅၆၃၁၁၇ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်တယ်။

3 in 1 Multi Car Charger

ကိုနေအောင်
မန္တလေး၊ စက်တင်ဘာ ၉

iPhone4 ,iPhone 5 နဲ့ Android phone, Tablet တွေအားလုံးကိုအားသွင်းအသုံးပြုနိုင်မယ့် 3 in 1 Multi Car Charger ဖြစ်ပါတယ်။ ကားဖြင့်ခရီးသွားစဉ် မိမိ၏ Phone အရေးပေါ်အားသွင်းဖို့ လိုအပ်သူတွေအတွက် အထူးအဆင်ပြေစေမှာဖြစ်တယ်လို့ သိရပါတယ်။ Input DC 12V-24V ဖြစ်ပြီး Output DC 5.0V 2000MA ဖြစ်ပါတယ်။ အသုံးပြုရတာအလွန်လွယ်ကူပါတယ်။ ကားအတွင်းရှိမီးညှိခလုတ်ထဲကို Adaptor ထည့်ပေးလိုက်ရုံဖြင့်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းက ၄,၅၀၀ ကျပ် ဖြစ်ပြီး PHYO IT PLAZA (MOBILE, CAMERA, GAME) ဖုန်း-၀၂-၃၃၄၃၁ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

CDMAC Speaker

အေးဖြူ
ရန်ကုန်၊ စက်တင်ဘာ ၁၂

CAMAC အမှတ်တံဆိပ် CMK-30A မော်ဒယ် speaker ဖြစ်ပါတယ်။Bartypeဖြစ်တဲ့အတွက် LCD Monitor များအတွက် အဆင်ပြေပြီး ထူးခြားသော ပုံစံဖြင့် အသုံးပြုချင်သူများအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။LCD TV နဲ့ LCD Monitor များ၏ အောက်တွင် ထားရှိပြီး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ပါဝါအားကိုတော့ USB မှပေးရန်လိုအပ်ပါတယ်။ Audio ကြိုးခွံတ်ဆက်ရုံဖြင့် အသံထွက် ရရှိမှာဖြစ်ပါတယ်။ အဖြူနဲ့ အနက်ဆိုပြီး အရောင်နှစ်မျိုး ရရှိနိုင်ပါတယ်။ Speaker တွင် Mic Port နှင့် Headphone Port များ ပါဝင်ပါတယ်။ ဈေးနှုန်း ၁၂,၀၀၀ ကျပ်ဖြင့် Matrix Computer ဖုန်း-၃၇၈၈၄၃၊ ၂၅၀၀၈၄ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Internet Journal
Vol.14, No.36 | Thursday, September 19, 2013

Lost Planet 3

Developer (s): Spark Unlimited
Publisher (s): Capcom
Series : Lost Planet
Engine : Unreal Engine 3
Platforms : (s) Microsoft Windows, PlayStation 3, Xbox 360
Genre (s) : Third-person shooter
Modes (s) : Single-player, multiplayer
Gameplay : 7.0
Story : 8.0
Sound : 8.0
Graphic : 7.5
Overall : 7.0

Lost Planet 3

REVIEW Capcom က ဂိမ်းလောကကို ဦးဆောင်ဖို့ရည်ရွယ်ပြီး ဂိမ်းတစ်ခုထုတ်လိုက်ပါပြီ။ Game နာမည်ကတော့ Lost Planet 3 ဖြစ်ပါတယ်။ Lost Planet 3 အကြောင်းကိုမပြောပြခင်မှာ Lost Planet ရဲ့ဇာတ်ကြောင်းကိုတော့အကြမ်းဖျင်းလေးပြောပြချင်ပါတယ်။ အချိန်ကသက္ကရာဇ် ၂၂၀၀ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ လူဦးရေအဆမတန်တိုးပွားပြီး စွမ်းအင်လုံလောက်မှုမရှိတော့ပါဘူး။ လူသားတွေဟာ စွမ်းအင်ပြဿနာကို ဖြေရှင်းဖို့ကြိုးစားရင်းနဲ့ E.D.N III ဂြိုဟ်ကို ရှာဖွေတွေ့ရှိလိုက်ပါတယ်။ လူသားတွေ E.D.N III ပေါ်မှာခြေချဖို့ထောက်ပံ့တဲ့အဖွဲ့အစည်းကတော့ NEVEC (Neo-Venus Construction Company) ပါ။ သူကတော့အဲဒီအချိန်မှာကမ္ဘာပေါ်မှာ အကြီးဆုံး ဇီးပွားရေးလုပ်ငန်းစုကြီးဖြစ်ပါတယ်။

E.D.N III မှာရှိနေတာက တော့ T-Energy လို့ခေါ်တဲ့စွမ်းအင်ဖြစ်ပါတယ်။ အပူစွမ်းအင်တစ်ခုဖြစ်ပြီး သန့်စင်ကာ အဖက်ဖက်မှာ သုံးလို့ရပါတယ်။ အသက်ရှည်ခြင်း၊ ရုပ်ပျိုခြင်းကိုလည်း ပေးစွမ်းပါတယ်။ လူသားတွေရဲ့ စွမ်းအင်ရင်းမြစ်လိုအပ်ချက်ကို E.D.N III မှာရှာဖွေတဲ့အခါအဟန့်အတားတွေရှိပါတယ်။ အဲဒါကတော့ Akrid လို့ခေါ်တဲ့ဒေသခံသတ္တဝါတွေပါ။ သူတို့နဲ့ ရင်ဆိုင်တိုက်ခိုက်ရမှာဖြစ်ပါတယ်။ Lost Planet ကတော့ Series လိုက်ထွက်ပြီးဖြစ်ပါတယ်။ ရှေ့မှာတော့ Lost Planet : Extreme Condition, Lost Planet 2 နဲ့ Lost Planet 3 စတာတွေထွက်ရှိပြီးသားပါ။ Lost Planet ထဲမှာဇာတ်ကောင်အဖြစ် 3D ပုံကိုကိုရီးယားမင်းသား လီဗြောင်ဟွင်း (G.I Joe ထဲက နင်ဂျာအဖြူ) နဲ့ပွဲထုတ်ထားပါတယ်။ Lost Planet 2 ကတော့ Multiplayer အသားပေးထုတ်ထားတဲ့အတွက် Lost Planet အဟောင်းကိုကြိုက်ခဲ့တဲ့သူတွေတော်တော်သဘောမကျဖြစ်ခဲ့ရတာပါ။ အထူးဘဖြင့်မြန်မာပြည်က ဂိမ်မာပရိသတ်တွေကတွန့်လိုင်းပေါ်လည်းတက်ဆော့မရတော့ တော်တော်အဆင်မပြေခဲ့ပါဘူး။ Lost Planet 3 မှာတော့ဇာတ်လမ်းသွားရော multiplayer ပါကောင်းအောင်ပြုပြင်ထားတာကိုတွေ့ရပါတယ်။

Lost Planet 3 မှာတော့ E.D.N III ကိုရောက်လာတဲ့ ကန်ဒရိုက်တာ (Private Contractor) Jim Peyton အဖြစ်နဲ့ဆော့ကစားရမှာပါ။ Jim ကတော့ ကမ္ဘာမှာမိန်းမနဲ့ကလေးကိုထားခဲ့ပြီး အလုပ်လာလုပ်တာဖြစ်ပါတယ်။ အရင်ထွက်ရှိထားတဲ့ ဂိမ်းတွေလိုမဟုတ်ဘဲ NEVEC ဘက်က အလုပ်သမားအဖြစ် Role Playing Shooter ဆန်ဆန်ဆော့ကစားရမှာဖြစ်ပါတယ်။ အရင်ထက်ပိုမိုကောင်းမွန်လာတာကတော့လက်နက်တွေ ကိုယ်စီးတဲ့ယန္တရားတွေကို upgrade လုပ်လို့ရပါတယ်။ ကိုယ်ကြိုက်တဲ့လက်နက်ကို ဝယ်ယူလို့ရပြီး၊ ပစ္စည်းအသစ်များတပ်ဆင်ခြင်း၊ ယန္တရားများကို အစိတ်အပိုင်းသစ်များတပ်ဆင်ခြင်းစတာတွေကိုပြုလုပ်နိုင်ပါတယ်။ Mission များကိုလည်းပြုလုပ်ပြီးပါက T-Energy ကို Bonus အဖြစ်ရပါတယ်။ T-Energy ကို ပစ္စည်းအသစ်များဝယ်ယူခြင်းမှာ အသုံးပြုနိုင်ပါတယ်။ ကိုယ်စီးတဲ့ Rig (ယန္တရားကတော့တော်တော်လေးကိုကောင်းမွန်တဲ့ feature အသစ်ပါ။)

Role Playing ဆန်ဆန်ကိုယ့်ရဲ့ဆောက်လုပ်ရေးစခန်းမှာသွားလို့ရပြီ။ Mission အချို့ကိုစခန်းမှာဆော့ရမှာဖြစ်ပါတယ်။ Lost Planet ရဲ့ထုံးစံအတိုင်း ရုပ်ရှင်ဇာတ်ဆောင်တွေကို အသုံးပြုထားပါတယ်။ နာမည်ကြီးဇာတ်ဆောင်အချို့ကို အသုံးပြုထားပြီး Cut Scene တွေက အထူးကောင်းမွန်ပါတယ်။ Cut Scene တွေကပြချင်တိုင်းလျှောက်ပြနေတာမဟုတ်ဘဲဇာတ်လမ်းကိုသွားပေးတာပါ။ ဇာတ်လမ်းအစမှာတော့ Jim Peyton က အဘိုးကြီးဖြစ်နေပြီး သူ့မြေးကိုဇာတ်ကြောင်းပြန်ပြောတာက စထားပါတယ်။ Jim တို့ဟာ ပထမဆုံးရောက်ရှိသူတွေမဟုတ်ဘဲ အရင်တုန်းကတည်းကျန်ခဲ့တဲ့သူတွေရှိတာကိုတဖြည်းဖြည်းသိလာရမှာပါ။

ဒီဂိမ်းရဲ့အကြောင်းကိုကောင်းတာလေးတွေပြောပြီးပြီဆိုတော့ လိုအပ်နေတာတွေလည်း ပြောပြချင်ပါတယ်။ ပထမဦးဆုံးကတော့ story line ပါ။ မကောင်းဘူးလာဆိုတော့ ကောင်းပါတယ်။ သို့ပေမယ့် အဆက်အစပ်၊ အတက်အကျလိုနေသလို ဖြစ်နေတာကိုတွေ့ရမှာပါ။ ကစားတဲ့သူကို မျှော်လင့်ချက်လမ်းကြောင်းအတိုင်း ချမပြသလို ကောင်းမွန်တဲ့ လှည့်ကွက်တွေလည်းမပါဝင်ပါဘူး။ Game play ကလည်းမပြည့်စုံသလိုဖြစ်နေတယ်လို့ခံစားမိပါတယ်။ ဥပမာ အားဖြင့် ဘာပြီးရင် ဘယ်သွားရမယ်ဆိုတာ hint အစုံမရှိသလို battle တွေမှာလည်း ဘယ်လိုအောင်အောင်လုပ်ရမယ်ဆိုတာ သိပ်မသဲကွဲပါဘူး။ ဂိမ်းကအရမ်းကိုရှိုးရှင်းနေသလိုဖြစ်နေပြီး tempo ကိုတင်တဲ့နေရာမှာပြတ်တောက်ပြတ်တောက်ဟာတာတာဖြစ်နေပါတယ်။

ဂိမ်းက ကစားတဲ့နေရာမှာ Dead Space 3 နဲ့တော်တော်ကို ဆင်တူနေပါတယ်။ Dead Space 2 ထွက်စဉ်က Lost Planet ကိုယူထားတယ်ထင်ရပြီး Lost Planet 3 ထွက်လာချိန်မှာတော့ Dead Space 3 နဲ့ဆင်နေတာကိုတွေ့ရပါတယ်။ Dead Space မှာက Theme ရှိပါတယ်။ Horror Shooter ပါ။ Lost Planet ကတော့ Horror လိုလို၊ funny လိုလို၊ Shooter လိုလို၊ Theme ပျောက်နေသလိုဖြစ်နေပါတယ်။ အဲ့နောက်ထွက်မယ့် Lost Planet အသစ်အတွက်ကြိုတင်ပြီးလမ်းကြောင်းခင်းထားတာလည်းဖြစ်ရိုင်ပါတယ်။ ဂိမ်းကိုကစားတဲ့နေရာမှာ ဘာတွေမှန်းမသိသလိုဖြစ်နေပါတယ်။ စာရေးသူကို Lost Planet 3 ကောင်းလားလို့မေးရင်တော့ကောင်းတော့ကောင်းတယ်ထင်သလောက်မကောင်းဘူးလို့ပဲဖြေရမှာပါ။ Lost Planet 1 တုန်းက ကြိုက်ခဲ့လို့ တော်တော်ကြီးကိုမျှော်လင့်ထားလို့လည်းဖြစ်နိုင် ပါတယ်။

-ဝိန်း (mmgamers.com)

Tablet Game

Horn™

Phosphor Games Studio မှရေးသားထုတ်လုပ်လိုက်တဲ့ Horn™ အမည်ရှိတဲ့ဂိမ်းဖြစ်ပါတယ်။ Third Person အမျိုးအစား၊ ဇာတ်လမ်းသွားဂိမ်းတစ်ခုဖြစ်ပါတယ်။ ဇာတ်ကောင်နာမည်ကတော့ Young Blacksmith ဖြစ်ပြီး Monster နှင့် အခြားသတ္တဝါဆန်းများစွာကိုတိုက်ခိုက်ရမှာဖြစ်ပါတယ်။ Walking, Jumping, Crawling အစရှိတဲ့ထိန်းချုပ်မှု ပုံစံမျိုးစုံပါဝင်မှာဖြစ်ပြီး ရုပ်ထွက်ပုံတွေကိုအသေးစိတ်ရေးဆွဲထားတဲ့ ဂိမ်းတစ်ခုဖြစ်ပါတယ်။ Crossbow Style လက်နက်များစွာပါဝင်မှာဖြစ် ပါတယ်။ Challenge Mode အနေဖြင့်ဆော့ကစားရမှာ ဖြစ်ပါတယ်။ လျှို့ဝှက်ချက်ပေါင်းများစွာကိုရှာဖွေရမှာဖြစ်ပါတယ်။ iOS 5.0 နှင့် အထက်တွေမှာထည့်သွင်း ဆော့ကစားနိုင်မှာဖြစ်ပါတယ်။ iTunes Store တွင် 6.99$ ဖြင့်ရရှိနိုင်မှာဖြစ်ပါတယ်။ ဂိမ်းထည့်သွင်းလိုပါက iMotion ဖုန်း ၀၉၅၀၁၅၄၄၇ သို့ဆက်သွယ်နိုင်မှာဖြစ်ပါတယ်။

TOP Wii U Game

New Super Luigi U
Release Date : Jun 20, 2013
Genre : 2D Platformer

Rayman Legends
Release Date : Sep 3, 2013
Genre : 2D Platformer

The Wonderful 101
Release Date : Sep 15, 2013
Genre : Action

Pikmin 3
Release Date : Aug 4, 2013
Genre : Real - Time Strategy

Monster Hunter 3 Ultimate
Release Date : Mar 19, 2013
Genre : Fantasy Action Adventure

LEGO City Undercover
Release Date : Mar 18, 2013
Genre : Fantasy Action Adventure

International

Nikon P.7800

Megapixel : 12.2
Zoom : 7xOptical
Sensor : CMOS
LCD Display : 3.0 inch
Battery : Lithium

အိတ်ဆောင် Professional ကင်မရာတစ်လုံးကဲ့သို့အကောင်းဆုံး အသုံးချနိုင်မယ့် NikonP.7800 ကင်မရာဖြစ်ပါတယ်။ ပုံထွက်အရည်အသွေးကိုအထူးစိတ်ချနိုင်ပြီး ဓာတ်ပုံကို Raw File နဲ့ရရှိနိုင်ပါတယ်။ ကင်မရာမှာ View Finder နဲ့ Hot Shoe တို့ပါဝင်ပြီး Screen ကိုလည်း ခွဲယူထုတ်ကြည့်နိုင်ပါတယ်။ လုပ်ဆောင်ချက်များကို Manual အသုံးပြုနိုင်တဲ့အပြင် ခလုတ်များကိုလည်း Professi-onal ကင်မရာတစ်လုံးကဲ့သို့ဖန်တီးပေးထားပါတယ်။

Sony NEX-6

Megapixel : 16.1
Zoom : Lens Type
Sensor : CMOS
LCD Display : 3.0 inch
Battery : Lithium

နောက်ဆုံးပေါ်နည်းပညာများစုံလင်စွာနဲ့အကောင်းဆုံးထုတ်လုပ်ထားတဲ့ Sony NEX-6 ဖြစ်ပါတယ်။ ပုံထွက်အရည်အသွေးကို အထူးစိတ်ချနိုင်ပြီး အိတ်ဆောင် Professional ကင်မရာတစ်လုံး အဖြစ်အကောင်းဆုံးအသုံးပြုနိုင်မယ့်ကင်မရာပါ။ လုပ်ဆောင်ချက်များစွာပါဝင်ပြီးလုပ်ငန်းခွင်အသုံးချရန်အထူး အဆင်ပြေစေမယ့် ကင်မရာဖြစ်ပါတယ်။ ကင်မရာမှာ Wi-Fi စနစ်ပါဝင်ပြီး Movie ကိုလည်း Full HD ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။

Olympus TG-320

Megapixel : 14.0
Zoom : 3.6xOptical
Sensor : CCD
LCD Display : 2.7 inch
Battery : Lithium

အရောင်အသွေးစုံလင်စွာနဲ့လူငယ်အကြိုက်ထုတ်လုပ်ပေးထားတဲ့ Olympus အမှတ်တံဆိပ်ကင်မရာပါ။ လုပ်ဆောင်ချက်များစွာနဲ့ပိသာစုအပျော်တမ်းအသုံးပြုရန်အကောင်းဆုံးထုတ်လုပ်ပေးထားတဲ့ ကင်မရာပါ။ ခရီးဆောင်အသုံးပြုရန်သင့်တော်ပြီးရေစိုဒဏ်ကို ကာကွယ်ပေးနိုင်သည့် အပြင်ရေအောက်မှာစာတ်ပုံဗီဒီယိုရိုက်ကူးနိုင်မယ့်ကင်မရာဖြစ်ပါတယ်။ အကြမ်းဒဏ်ကိုလည်း အသင့်အတင့်ခံနိုင်ရည်ရှိတာကြောင့်ကလေးများအသုံးပြုရန်အတွက်လည်း အဆင်ပြေစေနိုင်မှာပါတယ်။

Canon ELPH 130IS

Megapixel : 16.0
Zoom : 8xOptical
Sensor : CCD
LCD Display : 3.0 inch
Battery : Lithium

စျေးနှုန်းအသင့်အတင့်နဲ့ဝယ်ယူအသုံးပြုနိုင်မယ့် CanonPowerShotAuto Compact ကင်မရာဖြစ်ပါတယ်။ Mega Zoom အထူးကောင်းမွန်ပြီး ပုံထွက်အရည်အသွေးကို စိတ်ကျေနပ်မှုအပြည့်အဝရရှိစေနိုင်မယ့်ကင်မရာပါ။ Movie ကို HD နဲ့ရိုက်ကူးနိုင်မှာဖြစ်ပြီး ကင်မရာမှာ Wi-Fi စနစ်ပါဝင်ပါတယ်။ အင်တာနက်ချိတ်ဆက်အသုံးပြုလိုသူလူငယ်များအတွက် အကြိုက်တွေ့စေမယ့် Canon ကင်မရာဖြစ်ပါတယ်။

Panasonic DMC-FX 500

Megapixel : 10.1
Zoom : 5xOptical
Sensor : CCD
LCD Display : 3.0
Battery : Lithium

နောက်ဆုံးပေါ်နည်းပညာများနဲ့အကောင်းဆုံးဖန်တီး ထုတ်လုပ်ပေးထားတဲ့ Panasonic ကင်မရာဖြစ်ပါတယ်။ ကင်မရာ အရွယ်အစားသေးငယ်ပေါ့ပါးပြီး သွားလေရာကို အိတ်ဆောင်အနေနဲ့ယူဆောင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ လုပ်ဆောင်ချက်များကို လွယ်ကူစွာနဲ့ပိသာစုအပျော်တမ်းအသုံးပြုရန် ထုတ်လုပ်ပေးထားတဲ့ကင်မရာပါ။ ပုံထွက်အရည်အသွေးကတော့ အသင့်အတင့်ရရှိမှာဖြစ်ပါတယ်။

Editor Choice

စျေးနှုန်းအသင့်အတင့်နဲ့ ပြည်တွင်းစျေးကွက်ထဲကိုအသစ်ရောက်ရှိလာတဲ့ Nikon အမှတ်တံဆိပ် L-820 Auto Compact ကင်မရာဖြစ်ပါတယ်။ စွမ်းဆောင်ရည်နဲ့ လုပ်ဆောင်ချက်ပိုင်း အထူးကောင်းမွန်ပြီး Mega Zoom အထူးမြင့်မားတာကြောင့် မိသားစုအပျော်တမ်းအသုံးပြုရန် အတွက် သာမက အပျော်တမ်းခရီးဆောင်အသုံးပြုရန်အေးချယ်သင့်တဲ့ကင်မရာတစ်လုံးဖြစ်ပါတယ်။ ပုံထွက်အရည်အသွေးကိုအထူးစိတ်ချနိုင်မယ့် ကင်မရာဖြစ်ပြီး လုပ်ဆောင်ချက်များကို ကလေး၊ လူကြီးမင်းအလွယ်ကူစွာ Auto စနစ်တွေနဲ့ အသုံးချနိုင်မှာဖြစ်ပါတယ်။

Nikon L-820

အားသာချက်

ကင်မရာမှာပါဝင်တဲ့ ပုံရိပ်ကြည်လင်ပြတ်သားမှုအတွက် စွမ်းဆောင်ပေးတဲ့ Megapixel ဟာအထူးကောင်းမွန်တာကိုတွေ့ရပါတယ်။ 16.0Megapixels ရှိတာကြောင့်ပါ။ နောက်ပြီး CMOS ဆင်ဆာကိုတပ်ဆင်ပေးထားပါတယ်။ ဒါကြောင့် ပုံထွက်အရည်အသွေးကိုတော့ အထူးစိတ်ချနိုင်ပါပြီ။ Zoom ဆွဲအားဟာလည်း အထူးများပြားပါတယ်။ 30X Optical Zoom ဆွဲနိုင်တာကြောင့်ပါ။ LCD Screen က ၃ လက်မအရွယ်အစားရှိတာကြောင့် အတော်အသင့်လှုံ့ဆိုရမှာပါ။ အပျော်တမ်းလုပ်ဆောင်ချက်များကို စုံလင်စွာထည့်သွင်းပေးထားပါတယ်။ Image Stabilizer ပါဝင်တာကြောင့် လက်တုန်ခါမှုကိုလည်း အသင့် အတင့် ကာကွယ်ပေးမှာဖြစ်ပါတယ်။ ကင်မရာမှာလုပ်ဆောင်ချက်များစွာပါဝင်ပြီး Shooting Programs များစွာနဲ့ Special Effects များစွာကိုလည်း ထည့်သွင်းပေးထားပါတယ်။ နောက်ပြီး Movie ကို Full HD အရည်အသွေးနဲ့ရိုက်ကူးမှတ်တမ်းတင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကင်မရာကို အသုံးပြုသူများအနေနဲ့အကြိုက်တွေ့ဖွယ်သက်ကြမယ်ထင်ပါတယ်။

အားနည်းချက်

ဒီကင်မရာရဲ့အဓိက အားနည်းချက်ကတော့ နောက်ဆုံးပေါ်နည်းပညာများဖြစ်တဲ့ Wifi စနစ်နဲ့ 3D စနစ်တို့ကို ထည့်သွင်းပေးထားခြင်းမရှိတာဘဲ ဖြစ်ပါတယ်။ နောက်ပြီး GPS စနစ်လည်းပါဝင်ခြင်းမရှိပါဘူး။ View Finder လည်းတပ်ဆင်ပေးထားခြင်းမရှိပါဘူး။ Power အတွက် AA ဓာတ်ခဲကိုအသုံးပြုရမှာဖြစ်ပါတယ်။ ဒါတွေကတော့ ဒီကင်မရာရဲ့အဓိကအားနည်းချက်များဖြစ်ပါတယ်။ အခြားအားနည်းချက်တွေတော့မတွေ့ရပါဘူး။

သုံးသပ်ချက်

ဒီကင်မရာမှာ အားနည်းချက် အချို့ရှိပေမယ့် ပုံထွက်အရည်အသွေးကို ထိခိုက်မှုမရှိပါဘူး။ ပုံထွက်အရည်အသွေးကအသုံးပြုသူများအနေနဲ့အကြိုက်တွေ့ဖွယ်သက်ကြမယ်ထင်ပါတယ်။ စျေးနှုန်းပိုင်းဟာလည်း အသုံးပြုသူများကိုစိတ်ကျေနပ်စေမှာပါ။ ဒါကြောင့် မိသားစုအပျော်တမ်းအသုံးပြုဖို့ရွေးချယ်သင့်တဲ့ကင်မရာတစ်လုံးဖြစ်တယ်လို့ သုံးသပ်ရတာပါ။ စျေးနှုန်းက ၂၅၀,၀၀၀ ကျပ်ဝန်းကျင်ရှိပြီး Royal Digital သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

WonderFul 040 Dry box

တျော်မျိုးဦး

ကင်မရာရေငွေထိခိုက်မှုဇော်ကိုအကောင်းဆုံးကာကွယ်ပေးမယ့် Wonderful အမှတ်တံဆိပ် Drybox ဖြစ်ပါတယ်။ အလှူမီနီယံပုံးနဲ့အကောင်းဆုံးထုတ်လုပ်ပေးထားပြီး မှန်တံခါးနဲ့ဖွဲ့စည်းထားတဲ့ Dry box ပါ။ ရေငွေ့ရှိမရှိကိုဖော်ပြပေးနိုင်ပြီး အဆင့်သုံးဆင့်နဲ့အရွယ်အစားအသင့်အတင့်ရှိပါတယ်။ Dry box ကိုသော့ခတ်ထားနိုင်ပြီး power ကိုအလိုအလျောက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ကင်မရာဘော်ဒီနှစ်လုံးနဲ့မှန်ဘီလူး လေးလုံးခန့်တို့ကို ထည့်သွင်းသိမ်းဆည်းနိုင်မှာဖြစ်ပါတယ်။ စျေးနှုန်း ၁၂၀, ၀၀၀ ကျပ်ဝန်းကျင်နဲ့ Royal Digital မှာဝယ်ယူရရှိနိုင်ပါတယ်။

Gopro Hero3 Battery

ပြည်တွင်းစျေးကွက်ထဲကိုမကြာသေးခင်မှအသစ်ရောက်ရှိလာတဲ့ PowerMart Gopro Hero 3 Battery ဖြစ်ပါတယ်။ Gopro Hero 3 ကင်မရာများနဲ့ Movie ရိုက်ကူးသူများအတွက်အထူးအဆင်ပြေစေနိုင်မှာဖြစ်တဲ့ အပြင် Movie ကို အချိန်ကြာမြင့်စွာရိုက်ကူးလိုသူများအတွက် အကြိုက်တွေ့စေမယ့် Battery ပါ။ အားအပြည့်သွင်းပြီးပါက အချိန်ကြာမြင့်စွာလုပ်ငန်းစွမ်းဆောင်ပေးနိုင်ပြီး အချိန်တိုတို နဲ့ အားအပြည့်လည်း သွင်းယူနိုင်မှာဖြစ်ပါတယ်။ Battery သက်တမ်းကိုကြာရှည်စွာအသုံးပြုနိုင်အောင် အကောင်းဆုံးထုတ်လုပ်ပေးထားပြီး 3.7V ရှိတဲ့ Make in Japan Battery ဖြစ်ပါတယ်။ စျေးနှုန်း ၂၀,၀၀၀ ကျပ်ဝန်းကျင်ဖြင့် Royal Digital မှာဝယ်ယူရရှိနိုင်ပါတယ်။

Smark Rain Coat

DSLR ကင်မရာကို ကိုင်ဆောင်သူများအကြိုက်တွေ့စေမယ့်ပြောက်ကြားပုံ Rain Coat ဖြစ်ပါတယ်။ မိုးဇော်လေဇော်နဲ့ရင်းနှီးငွေရေထိခိုက်မှုတို့ကြောင့်ကင်မရာပျက်စီးခြင်းကိုအထူးကာကွယ်ပေးမယ့် Camera Rain Coat ပါ။ DSLR ကင်မရာအားလုံးနဲ့အဆင်ပြေစွာတွဲဖက်အသုံးပြုနိုင်ပြီး ဓာတ်ပုံရိုက်ကူးတဲ့အခါလွယ်ကူမှုရှိအောင် လက်ကိုင်ပေါက်များနဲ့ Tripod ပေါက်အပြင် view Finder ပေါက်တို့ကိုလည်း ထည့်သွင်းပေးထားပါတယ်။ စျေးနှုန်း ၂၀,၀၀၀ ကျပ်ဝန်းကျင်နဲ့ Royal Digital မှာဝယ်ယူရရှိနိုင်ပါတယ်။

Internet Journal
Vol.14, No.36 | Thursday, September 19, 2013

JPN Car Sales & Auto Service Co.,Ltd ကို ၂၀၁၃ ခုနှစ် မေလ ၅ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့တယ်လို့သိရပါတယ်။ အသစ်နီးပါးကောင်းမွန်တဲ့ကျပန်ကားများကို အဓိကထားရောင်းချပေးပါတယ်။ အရည်အသွေးမြင့်၊ ဒရိုက်မှန်ကားများကို ဝယ်နှုန်းသက်သာစွာနဲ့ဝယ်ယူနိုင်ရန် ရည်ရွယ်ပြီး ရောင်းချပေးလျက်ရှိပါတယ်။ တိုယိတိုင်းလေလံဆွဲဝယ်ယူခြင်းသူများအတွက်လည်း ကျပန်(Auction) မှ စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန် အခွင့်အလမ်းပြည့်ဝစွာဆောင်ပေးပါတယ်။ လက်ငင်းငွေချေစနစ်၊ ကားစလစ်ပေးဝယ်လူစနစ်စသည့်စနစ်များဖြင့် ရောင်းချပေးလျက်ရှိပြီး ဝန်ဆောင်မှုအနေဖြင့် ဘဏ်စာရင်းဖွင့်လှစ်ပေးခြင်း၊ ယွင်းကွန်လိုင်စင်လျှောက်ထားပေးခြင်း၊ ဖွင့်လှစ်ပေးခြင်း၊ တ. ည. နှ (ရန်ကုန်) ထွင် မှတ်ပုံတင်ပြီး ယာဉ်ဝင်ရောက်အစီအစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါတယ်။

အခွင့်- ၃၀၃-၃၀၅ အောက်တြည်ခြင်တိုင်းလမ်း၊ အလုံဇြိနယ်တွင် ဖွင့်လှစ်ထားကာ ကားလေယ်ယူလိုသူများသွားရောက်လေ့လာနိုင်ပြီး ဆက်သွယ်စုံစမ်းရှင်းတယ်ဆိုရင်တော့ ဖုန်း-၀၉-၅၂၁၉၇၁၁၊ ၀၉-၄၃၀၈၆၆၇၇ သို့ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

Brand : Toyota Ipsum
Model : 2004, (2.4 CC)
Price : ညှိနှိုင်း

Brand : Mitsubishi RVR
Model : 2010(2.0 CC)
Price : ညှိနှိုင်း

Brand : Toyota Crown
Model : 2002(3.0 CC)
Price : ညှိနှိုင်း

Brand : Mini Cooper S
Model : 2008(1.6 CC, Turbo)
Price : ညှိနှိုင်း

Brand : Toyota Alphard
Model : 2002 (3.0 CC)
Price : ညှိနှိုင်း

Brand : Toyota Succeed
Model : 2008(1.5 CC)
Price : ညှိနှိုင်း

Brand : Prado
Model : 1998(3.0 CC)
Price : ညှိနှိုင်း

Brand : Mark X
Model : 2004(2.5 CC)
Price : ညှိနှိုင်း

အထက်ပါကားများကို "JPN Car Sales & Auto Service Co.,Ltd" တွင် ဝယ်ယူရရှိနိုင်ပါသည်။

Week In Choice

Nissan Navara



နီတင်ပတ်မိတ်ဆက်ပေးမှာတာကတော့ Nissan Navara ဆိုတဲ့ ကားအကြီးအစားစားဖြစ်ပါတယ်။ Nissan Navara လို့ အာရုံစိုက်ရောပန်းဝင်တွေ့မှာလူသိများပြီး အဝယရိတနိုင်ဝံနဲ့ဒီဇယ်စိုးပိုးနိုင်ဝံမှာတော့ Nissan Frontier အနေနဲ့ထုတ်လုပ်ပါတယ်။

Navara extra cab ကိုပထမဆုံးဆက်အနေနဲ့ ၁၉၉၇ ခုနှစ်အထိထုတ်လုပ်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှစတင်ပြီး ပုံစံသစ်၊ ဒီဇိုင်းသစ်အနေဖြင့် ဂုတိယမျိုးဆက်ကိုထုတ်လုပ်ခဲ့တာ သနေ့ထက်ထိတိုင်ပါပဲ။ ဂုတိယမျိုးဆက် Navara တွေရဲ့ အထူးခြားဆုံးကတော့ သူရဲ့ တံခါးပေါက်တွေကို ကားရဲ့ လှုံ့ဆွဲရေးအတွက် Open-Cab လို့ခေါ်ဆိုလိုရပေမဲ့ ရင်ဘို/ရင်ဝေ့ တံခါးပုံစံမျိုးနဲ့ထုတ်လုပ်ခဲ့ပါတယ်။ ထိုသို့ခြားနားထုတ်လုပ်လိုက်ခြင်းကြောင့် နောက်ခန်းမှလူအတက်အဆင်ပြေလွယ်ရုံမှာ ပိုပိုလွယ်ကူအဆင်ပြေပေါ်တယ်။ ကားရဲ့ ပုံစံတို့ ဗလုံးကြည့်မယ်ဆိုရပဲလည်း အရွယ်အစားအားဖြင့် အလျား ၅၅၃၉ မီလီမီတာ၊ အနံ ၁၈၅၉ မီလီမီတာနဲ့ အမြင့် ၁၇၆၀ မီလီမီတာရှိကာကြောင့် ခွဲခြားထုတ်ထုတ်ပြတ်ပြတ်မားမှုရှိပြီး ကြည့်ခိုင်းရုံနဲ့ချင်းချင်းချင်းအဝိုင်းလည်းကောင်း မွန်လှပါတယ်။ အစဉ်အလာရှိပြီး လူကြိုက်များခဲ့တဲ့ဒီဇိုင်းအမျိုးအစားဟာ Safety ဝိုင်းဆိုင်ရာမှာ ဆုဝေါင်းများစွာရရှိခဲ့ပါတယ်။

Nissan Navara ကို ဓာတ်ဆီ၊ ဒီဇယ်အမျိုးအစားနှစ်မျိုးခွဲခာထုတ်လုပ်ထားပါတယ်။ ဒီဇယ်အင်ဂျင်နဲ့ဆိုရင် ပြင့် ၂၅၀၀ စီစီ Turbo- Charged Diesel အင်ဂျင်၊ ခန်ဓာရယ်ဒီယာကိုအသုံးပြုထားပါတယ်။ လခုပြောင်းလဲသတ်နှုတ်လိုက်တဲ့ ကားတင်သွင်းမှုပေါ် လစီအရ Extra-Cab ရင်ကွဲ/ရင်ဘေ့ ကားတွေကိုလည်း တခြားလုပ်ငန်းသုံးသည်များနဲ့ တန်းတူအခွင့်ရာရှိပြီးနှုန်းသက်သက်သာသာနဲ့တင်သွင်းခွင့်ပြုလိုက်ပြီဖြစ် ဒီ Navara ဂုတိယမျိုးဆက်တွေဟာ လူအများရဲ့ စိတ်ဝင်စားမှုတို့ခံနေရပါတယ်။ ကားမော်ဒယ်၊ ဇွေနှုန်းအနေအထား ကားဒီဇိုင်း ဒီဇယ်အင်ဂျင်၊ အကြွင်းခဲမှုစတဲ့အချက်တွေကလည်း ဒီအမျိုးအစားကိုပိုပိုစိတ်ဝင်စားခေခြင်းဖြစ်ပါတယ်။

၂၀၁၅ မော်ဒယ်နှစ်အထက် Nissan Navara တွေရဲ့ လက်ရှိပြည်တွင်းပေါက်ဈေးအရပြောတော့ ကားရဲ့ဒရိုက်၊ ကီလိုအနေအထားခေါ်မူတည်ပြီး သိန်း ၂၀၀- ၂၃၀ ဝန်းကျင်ရှိပါတယ်။ အကယ်လို့ မိစီအမည်ပေါက်အနေနဲ့ တင်သွင်းမှာလူမယ်ဆိုရင်တော့ ရန်ကုန်အရောက် ကားဝိုးအပြင်ဒိုင်ဝဲတော်အခွန် အပါအဝင် ကျော်သိန်း ၀၈၀-၂၀၀ ဝန်းကျင်ကုန်ဆာင့်ခွာဖြစ်ပါတယ်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက District Trading Co.,Ltd အမှတ် ၃၂(ကေဝ) နတ်ဆောတ်ဝိုဝ်သာလမ်း၊ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉-၉၁၀၀၁၀၀၀၊ ၀၁-၄၄၂၂၂၂၄၊ ၀၁-၁၂၂၁၂၄၂၂၀-၅၄၁၈၉၂၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

Car Accessories

လက်အားနဲ့အသုံးပြုနိုင်တဲ့ အမဲဆီထိုးပစ္စည်း

ရန်ကုန်၊ စက်တင်ဘာ ၁၂

လက်အားနဲ့အသုံးပြုနိုင်တဲ့ အမဲဆီထိုးပစ္စည်းပါ။ ကားမှာအမဲဆီလိုအပ်တဲ့နေရာတွေကိုအမဲဆီထိုးတဲ့အခါအသုံးပြုနိုင်ပါတယ်။ ကားကြီး၊ ကားသေး မည်သည့်ကားမှာမဆိုအသုံးပြုနိုင်ပါတယ်။ ဈေးနှုန်း ကဒ်ဖြ့၀၀၀ ကျပ်ဖြစ်ပြီး JTC & BANZI AUTO TOOLS ဖုန်း-၀၁-၅၁၇၂၂၈၊ ၀၉- ၅၄၀၂၇၆၃၊ ၀၉-၈၆၅၀၁၉၅ သို့ဆက်သွယ်စုံစမ်း၀ယ်ယူနိုင်ပါတယ်။

Hello Kitty ထိုင်ခုံအစွပ်

ရန်ကုန်၊ စက်တင်ဘာ ၁၂

ဆလွန်းကားမျိုးစုံမှာအသုံးပြုနိုင်တဲ့ Hello Kitty ထိုင်ခုံအစွပ်ပါ။ ကိုရီးယားနိုင်ငံလုပ်ဖြစ်ပြီး အသားကောင်းမွန်ပါတယ်။ ပန်းရောင်အရင့်နဲ့အနုဆွဲပြီး အရောင်နှစ်မျိုးရရှိနိုင်ပါတယ်။ ဈေးနှုန်း ကဒ့၅၀၀၀ ကျပ်၀န်းကျင်ပါ။ ဝင်းမိသားစု ဖုန်း-၀၉-၅၁၈၈၈၆၇၊ ၀၉-၅၀၉၉၉၉၆၇၊ ၀၉- ၇၃၁၁၇၆၆၈ သို့ဆက်သွယ်စုံစမ်း၀ယ်ယူနိုင်ပါတယ်။

ကားကြီးများအတွက် ထိုင်ခုံအစွပ်

ရန်ကုန်၊ စက်တင်ဘာ ၁၂

Landcruiser, Surf, Prado အစရှိတဲ့ကားကြီးများအတွက် ထိုင်ခုံအစွပ်ပါ။ တရုတ် (တိုင်ဝမ်) နိုင်ငံလုပ်ဖြစ်ပြီး ရွေ့ပတ်၊ ခဲပတ် စတဲ့အရောင်တွေကိုရွေးချယ်နိုင်ပါတယ်။ တစ်စီးစာအစုံပါ၀င်ပြီး ဈေးနှုန်းက ၆၅,၀၀၀ ကျပ်၀န်းကျင်ပါ။ ဝင်းမိသားစု ဖုန်း-၀၉- ၅၁၈၈၈၆၇၊ ၀၉- ၅၀၉၉၉၉၆၇၊ ၀၉-၇၃၁၁၇၆၆၈ သို့ဆက်သွယ်စုံစမ်း၀ယ်ယူနိုင်ပါတယ်။

ဘက်ထရီကို ဒီဂျစ်တယ်စနစ်နဲ့စစ်နိုင်မယ့် Tester

ရန်ကုန်၊ စက်တင်ဘာ ၁၂

ဘက်ထရီကောင်း၊ မကောင်းကို အတိအကျစစ်ဆေးနိုင်မယ့် ဒီဂျစ်တယ်စနစ်နဲ့စစ်ဆေးပေးသော Tester ပါ။ Digital Multi Tester လို့ခေါ်ပါတယ်။ အက်ဆစ်ပြင်းအားဘယ်လောက်ရှိတယ်၊ ပို့အားဘယ်လောက်ရှိတယ်ဆိုတာတွေကို အတိအကျစစ်ဆေးနိုင်ပါတယ်။ ဘက်ထရီအစိုး အခြောက်နှစ်မျိုးစလုံးမှာအသုံးပြုနိုင်ပါတယ်။ အင်္ဂလိပ်တရုတ်နှစ်ဘာသာဖြင့်အသုံးပြုနိုင်ပါတယ်။ ဈေးနှုန်းက ၄၉၅,၀၀၀ ကျပ်ဖြစ်ပြီး JTC & BANZI Auto Tools ဖုန်း-၀၁- ၅၁၇၂၂၈၊ ၀၉- ၅၄၀၂၇၆၃၊ ၀၉-၈၆၅၀၁၉၅ သို့ဆက်သွယ်စုံစမ်း၀ယ်ယူနိုင်ပါတယ်။

Internet Journal
Vol.14, No.36 | Thursday, September 19, 2013

BMW 3 Series Convertible

ဒီတစ်ပတ်ဖေါ်ပြပေးချင်တဲ့ကားကတော့ BMW 3 Series ထဲက Convertible အမျိုးအစားပါ။ ထုတ်လုပ်တဲ့ခုနှစ်က ၂၀၀၇ပါ။ ၂၀၀၈ 3 Series မှာ Convertible အပြင် Sedan, Coupe, Hardtop နဲ့ Wagon ပုံစံတွေကို ထုတ်လုပ်ထားတာတွေ့ရပါတယ်။

ကားရဲ့အလျား 180.6 in၊ အကျယ် 70.2 in၊ အမြင့် 54.5 in ရှိပါတယ်။ စတ်ဆီကားအမျိုးအစားဖြစ်ပြီး ဂီယာက 6 Speed Manual ပါ။ နောက်ဘီးယက်ကားအမျိုးအစားဖြစ်ပြီး အင်ဂျင်အရွယ်အစား 3.0 L ရှိပါတယ်။ Cylinder အမျိုးအစားက Inline 6 ပါ။ 6500 rpm မှာ 230 hp ထိမောင်းနှင်နိုင်ပါတယ်။ ရှေ့ဘီးနဲ့နောက်ဘီးမှာ Ventilated Disc ဘရိတ်တပ်ဆင်ပေးထားပါတယ်။ လျှပ်စစ်စနစ်နဲ့ ဘရိတ်ထိန်းချုပ်ပေးတဲ့စနစ်၊ အရေးပေါ်ရပ်တန့်နိုင်ရန်ကြိုတင်ပြင်ဆင်ထားပေးမယ့်ဘရိတ်စနစ်၊ ကားအတွင်းထဲကအမြန်ထွက်နိုင်တဲ့စနစ်၊ ကားအင်ဂျင်ကို တည်ငြိမ်အောင်ထိန်းချုပ်ပေးမယ့် Engine Immobilizer စနစ်၊ ကားဘီးတိမ်ခြော်မှုမရှိစေရန် ထိန်းချုပ်ပေးတဲ့ Traction Control စနစ်၊ ယာဉ်မောင်းသူနဲ့လိုက်ပါစီးနင်းသူတွေရဲ့အသက်အန္တရာယ်ကို ကာကွယ်ပေးမယ့်လေအိတ်စနစ်တို့ပါဝင်ပါတယ်။ လှိုခိုရေးပိုင်းအရ အဆင့်မြင့်တဲ့ကားတစ်စီးပါ။ ကားအတွင်းပိုင်းမှာ Bass သံပါတဲ့ စပီကာ ၂ လုံးအပါအဝင် စပီကာစုစုပေါင်း ၁၀ လုံးတပ်ဆင်ပေးထားပါတယ်။ ကားမှာဘက်ထရီမကောင်းလို့ဖြုတ်လဲတဲ့အခါ ကား Memory မပျက်အောင်ထိန်းချုပ်ပေးတဲ့စနစ်လည်းပါပါတယ်။ Power စနစ်အနေနဲ့ ရိမုတ်နဲ့ကားတံခါးတွေကိုအဖွင့်အပိတ်လုပ်နိုင်သလို ကားဘေးမှန်တွေကို ခလုတ်နဲ့အတင်အချပြုလုပ်နိုင်ပါတယ်။ ကားထဲမှာခရီး သွားကွန်ပျူတာတစ်လုံးလည်း ပါဝင်ပါတယ်။ ဆီနည်းနေရင်အချက်ပေးမယ့်စနစ်နဲ့ ပြင်ပအပူချိန်ကိုတိုင်းတာပေးတဲ့စနစ်တွေလည်း ပါဝင်ပါတယ်။

- ကိုဟိန်း

အားသာချက်

ကားအတွင်းပိုင်းအသုံးပြုထားတဲ့Materials အရည်အသွေးအလွန်ကောင်းမွန်ပါတယ်။ အင်ဂျင်စက်သံညက်ညောမှုရှိပြီး ကားနဲ့တပ်ဆင်ပေးထားတဲ့အင်ဂျင်က အလွန်လိုက်ဖက်မှုရှိပါတယ်။

အားနည်းချက်

အခြားအမျိုးအစားတူကားတွေနဲ့နှိုင်းယှဉ်ရင်စျေးနှုန်းမြင့်ပါတယ်။ အတွင်းခန်းမှာနေရာလွတ်နည်းပါတယ်။

လမ်းမကြီး ၂၆ခုပေါ်တွင် ခရီးသည်တင်ယာဉ်များ ဧရိယာရပ်နားခြင်းမှအပ မည်သည့်ယာဉ်မျှရပ်နားခြင်း မပြုရန်နှိုးဆော်

ရန်ကုန်၊ စက်တင်ဘာ ၁၂

လမ်းမကြီး ၂၆ခုပေါ်တွင် ခရီးသည်တင်ယာဉ်များ ဧရိယာရပ်နားခြင်းမှအပ မည်သည့်ယာဉ်မျှရပ်နားခြင်းမပြုရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ နှိုးဆော်ထားသည်။

ပြည်လမ်းတစ်လျှောက် ကမ္ဘာအေးစေတီလမ်း၊ ဘုရင့်နောင်လမ်း၊ ကမ်းနားလမ်း၊ ဗဟိုလမ်း၊ အင်းစိန်လမ်း၊ လေးထောင့်ကန်လမ်း၊ ပဉ္ဇာဒလလမ်းတို့ပါဝင်သည်။ ၎င်းအပြင် သုစမ္ဘာလမ်း၊ အရှေ့/အနောက် ရွှေဂုံတိုင်လမ်း၊ သမိန်ပရမ်းလမ်း၊ ထေရယန္တာလမ်း၊ ကန်တော်ကြီးပတ်လမ်းတို့တွင်လည်း ခရီးသည်တင်ယာဉ်ခေတ္တခဏရပ်နားခြင်းမှအပ မည်သည့်ယာဉ်မှရပ်နားခြင်းမပြုရန်နှိုးဆော်ထားသည်။ ပါရမီလမ်း၊ သံသုမာလမ်း၊ မင်းစမ္မလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အင်းယားလမ်း၊ စမ္မစေတီလမ်း၊ ဗားကရာလမ်း၊ သမိုင်းဘုတာရုံလမ်း၊ လှည်းတန်းလမ်းနှင့် အောက်ပဇွန်တောင်လမ်းတို့ပါဝင်သည်။

၎င်းလမ်းများပေါ်တွင် မှတ်တိုင်များ၌ ရပ်၊ ချ တင်၊ ထွက် စနစ်ကိုကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခရီးသည်တင်ယာဉ်လိုင်းအရှိုမှာ မိမိတို့ယာဉ်များကို လမ်းမပေါ်တွင်ညအိပ်ရပ်နားသည့်အတွက် ယာဉ်မတော်တဆမှုများ၊ ယာဉ်ကြောပိတ်ဆိုမှုများဖြစ်ပေါ်နေသည့်အတွက် နီးစပ်ရာယာဉ်ရပ်နားစခန်းတွင် ညအိပ်ရပ်နားစေရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ အသိပေးထားခြင်းဖြစ်သည်။

ရန်ကုန်မြို့တော်အတွင်းမော်တော်ယာဉ်များတစ်နေ့ထက်တစ်နေ့တိုးတက်များပြားလာ၍ ၎င်းမီးသွားလမ်းမကြီးများအပါအဝင် အဓိကလမ်းမကြီးများအပေါ်၌ ယာဉ်များစည်းကမ်းမဲ့ရပ်နားကြသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိပြီး ယာဉ်မတော်တဆမှုများလည်း တိုးတက်များပြားလာကြောင်းတွေ့ရှိရသည်ဟု သတိပေးနှိုးဆော်ချက်တွင်ဖေါ်ပြထားသည်။ ထိုသို့အဓိကလမ်းမကြီးများပေါ်တွင် စည်းကမ်းမဲ့ယာဉ်ရပ်နားခြင်းမရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ကျောက်စိမ်းများတင်ဆောင်သည့်ယာဉ်များကို အကောက်ခွန်ဥပဒေများအရ အရေးယူဆောင်ရွက်ထား

ရန်ကုန်၊ စက်တင်ဘာ ၁၂

ကျောက်စိမ်းဖမ်းဆီးရရှိမှုအချို့ရှိခဲ့ပြီး အဆိုပါကျောက်စိမ်းများအားတင်ဆောင်သည့်ယာဉ်များကိုလည်း အကောက်ခွန်ဥပဒေများအရ အရေးယူဆောင်ရွက်ထားကြောင်း အကောက်ခွန်ဦးစီးဌာနဒေါသတင်းထုတ်ပြန်ချက်အရသိရသည်။ ၁. ၈. ၂၀၁၃ ရက်နေ့မှ ၃၁. ၈. ၂၀၁၃ ရက်နေ့အထိ မန္တလေး-မူဆယ် ကုန်သွယ်ရေးလမ်းကြောင်းတွင် ကျောက်စိမ်းဖမ်းဆီးရရှိမှုစုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၃၈,၃၄၀,၀၀၀ ခန့်အားဖမ်းဆီးအရေးယူခဲ့ကြောင်း၊ ၎င်းတင်ဆောင်သည့်ယာဉ်များကိုလည်း အကောက်ခွန်ဥပဒေများအရအရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

၂၇. ၈. ၂၀၁၃ ရက်နေ့တွင်မန္တလေးမြို့မှမူဆယ်မြို့သို့ထွက်ခွာလာသည့် Mitsubishi Canter အမျိုးအစားယာဉ်အား မူဆယ် (OSS) ယာဉ်ငယ်စစ်ဆေးရေးဂိတ်တွင်စစ်ဆေးရာဖွေရာယာဉ်မောင်း၏ထိုင်ခုံနောက်ဘက်နှင့် ယာဉ်၏ပစ္စည်းမျိုးစုံထည့်သည့် Tool Box အတွင်းတွင် သိုဝှက်သယ်ဆောင်လာသည့်ကျောက်စိမ်းဟုယူဆရသောလက်ကောက်(အကြမ်း)(၂၃၀၀)ကွင်း၊ (၂၀၅)ကီလို ခန့်မှန်းတန်ဖိုး ကျပ် ၂၀,၅၀၀,၀၀၀ ခန့်အားတွေ့ရှိသဖြင့်ဖမ်းဆီးအရေးယူခဲ့ကြောင်း၊ ၃. ၉. ၂၀၁၃ ရက်နေ့မှစ၍ ၉. ၉. ၂၀၁၃ ရက်နေ့များတွင် ယာဉ်ငယ်စစ်ဆေးရေးဂိတ်၌ကျောက်စိမ်းဟုယူဆရသောကျောက်တုံး စုစုပေါင်း (၅၃၈) ကီလိုအား ထပ်မံရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှသတင်းထုတ်ပြန်ထားသည်။

ကားဈေးကွက်တွင် ရောင်းလိုသူနှင့်ဝယ်လိုသူမမျှဖြစ်နေ

ရန်ကုန်၊ စက်တင်ဘာ ၁၂

ကားဈေးကွက်တွင်ရောင်းလိုသူနှင့်ဝယ်လိုသူမမျှဖြစ်နေသည်ဟုကားဝယ်ရောင်းပြုလုပ်နေသူများကပြောသည်။ ထိုသို့ရောင်းချလိုသူနှင့်ဝယ်လိုသူမမျှဖြစ်နေခြင်းကြောင့် ကားဈေးများငြိမ်နေပြီး ဈေးနှုန်းအတက်အကျမရှိဖြစ်နေသည်။ "ကားဈေးကွက်မှာရောင်းလိုအားနဲ့ဝယ်လိုအားမမျှဖြစ်နေတယ်။ ရောင်းချင်သူကအရမ်းများနေတယ်။ ကားအရောင်းပြခန်းတွေလည်း အရမ်းများလာတယ်။ ဝယ်လိုအားက နောက်ထပ်ပေါ်လစီမပြောင်းမချင်း မတက်လာနိုင်ဘူး။ ဝယ်လိုအားတဖြည်းဖြည်းနည်းလာနိုင်တယ်။ ရောင်းလိုအားနဲ့ဝယ်လိုအားမမျှတဲ့အတွက် ကားရောင်းတဲ့သူတွေကလည်း ဈေးတွေသိပ်မတင်တော့ဘူး။ ဈေးနှုန်းလည်း အတက်၊ အကျမရှိဘဲငြိမ်နေတယ်။ လေ၊ ငါးသိန်းလောက်ပဲတင်ရောင်းတော့တယ်" ဟုကားအရောင်းဝယ်ပြုလုပ်နေသူကိုအောင်မျိုးသူကပြောသည်။ 'အ' အက္ခရာကားများကိုကြိုတင်ဝယ်ယူသူများလာခြင်းကြောင့် အတက်ဘက်သို့ဦးတည်နေသည်ဟုသိရပြီး ၉၄ သိန်း၀န်းကျင်ဖြင့် အရောင်းဝယ်ဖြစ်နေသည်ဟုသိရသည်။

TechInside

INTERNET

NG GUIDE

Vol.24, No.36 | Thursday, September 19, 2013

Tech News

အော်ပရေတာဝိုင်းဆိုင်ရာ ဆောင်ရွက်မှု နည်းဗျူဟာကို Ooredoo နှင့် Telenor တို့ ပူးပေါင်းဆောင်ရွက်မည်

စာ - ၅၃

Model - Yadana Bo | Make up - Arkar Kyaw Kyaw Naing | Photo - Kyaw Myo Oo (Colour Republic)

Acer Aspire V5-132p

Mini Notebook

Intel Pentium 2129Y Processor

11.6" Multi Touch HD LCD

4GB DDR3

500GB HDD

Intel HD Graphics

3 Cells Li-ion Battery

Windows 8 (64 bit)

Price - $570

Product Sponsor

Shwe La Min Nagar Co.,Ltd

Knowledge for All

Facebook Page Insights

အကြောင်း သိထားသင့်သမျှ

စာ - ၅၉

Toshiba Satellite C40



ရန်ကုန်၊ စက်တင်ဘာ ၁၃

TOSHIBA Satellite C40 Notebook ကတော့ Intel ရဲ့ Dual Core 2020M 2.4GHz ကို တပ်ဆင်ပေးထားတဲ့အတွက် OS ရဲ့ လုပ်ငန်း Process လုပ်ဆောင်ရာမှာ လျင်မြန်တဲ့ မြန်နှုန်းကို ရရှိမှာပါ။ RAM 2GB DDR3 ပါဝင်ပြီး 16GB အထိ တိုးမြှင့်တပ်ဆင်နိုင်တယ်။ 500 GB Harddisk ပါဝင်ပြီး ၁၄ လက်မရှိတဲ့ Screen မျက်နှာပြင်က 1366×768 Resolution ရှိပြီး HD Clear Super View LED Blacklit Display TFT ကို အသုံးပြုထားပါတယ်။ Intel ရဲ့ HD Graphic က လှုပ်ရှားမှုပုံရိပ်တွေကိုနှေးကွေးလေးလံမှုမရှိအောင် ထောက်ပံ့ပေးထားပြီး Bluetooth 4.0 နှင့် WebCam က 0.9MP ပါဝင်ပြီး 6 Cell Li-ion Battery ကို အသုံးပြုထားပါတယ်။ ဈေးနှုန်း - ၄၀၈,၀၀၀ ကျပ်နဲ့ Royal Smart Trading Co.,Ltd ဖုန်း - ၀၁- ၂၄၉၉၀၉ တွင် ဆက်သွယ်ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ -သန္တာ

ASROCK Motherboard

ရန်ကုန်၊ စက်တင်ဘာ ၁၁

ASROCK အမှတ်တံဆိပ် Motherboard တစ်မျိုးဖြစ်ပါတယ်။ ASROCK ရဲ့ Premium Gold Capacitors ဖြစ်တဲ့ 2770C Formula Motherboard မှာ Intel Chipset 277 ကို အခြေခံထားပြီး 1155 socket တွင် တပ်ဆင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Memory အတွက် DDR3 3000 OC/ 1066 ၄ ခုပါရှိပြီး Maximum 36 GN အထိ အသုံးပြုနိုင်မှာဖြစ်တယ်။ Slot တွေအနေဖြင့် PCIE 3.0×16 (၂) ခု၊ PCIE 2.0×16 (၁) ခုနှင့် PCIE 2.0×1 (၁) ခုတို့ပါဝင်ပါတယ်။ Graphic ပိုင်းအနေဖြင့် IntelHD Graphic (HDMI) ပါဝင်ပြီး LAN အတွက် Gigabit Lan တစ်ခု ထည့်သွင်းပေးထားပါတယ်။ အမြင့်ဆုံး နည်းပညာများကို ထည့်သွင်းထားပြီး အာမခံ ၃ နှစ်ပါဝင်မယ့် Motherboard တစ်ခုဖြစ်ပါတယ်။ ဈေးနှုန်းကတော့ကန်ဒေါ်လာ ၃၃၀ဖြင့် Yangon Development ဖုန်း - ၀၉-၇၃၀၀၄ ၂၉၁၄၄ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ -အေးဖြူ

HP - 4503

ရန်ကုန်၊ စက်တင်ဘာ ၁၂

HP တံဆိပ် အကြမ်းခံ Series Notebook ဖြစ်ပါတယ်။ Intel ရဲ့ Core i5 13230M 2.6GHzProcessor ကိုအသုံးပြုထားပါတယ်။ RAM အနေနဲ့လည်း 4GB (DDR3) နဲ့ အချက်အလက်သိုလှောင်ဖို့ အတွက် 500GB (HDD) ပါဝင်ပါတယ်။ AMD Radeon 7450M (1GB) Graphic Card နဲ့ ၁၄.၁ လက်မ LED Screen တို့ကြောင့် သုံးစွဲရာတွင် အကြိုက်တွေ့စေမှာဖြစ်ပါတယ်။ ဒါ့အပြင် Bluetooth 4.0, Cardreader, VGA, USB စတဲ့ External Port တွေ အစုံအလင်ပါရှိမှာဖြစ်ပါတယ်။ ဈေးနှုန်း ၅၆၀,၀၀၀ ကျပ်ဖြင့် Goledn Phoenix Technology (GPT) ဖုန်း - ၃၉၂၅၇၆ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ -အေးဖြူ

5650 EN Black and White Desktop Laser Printer

ရန်ကုန်၊ စက်တင်ဘာ ၁၂

ပြည်တွင်းဈေးကွက်ထဲကို Konica အမှတ်တံဆိပ် 5650 EN မော်ဒယ်ဖြင့် Black and White Desktop Laser Printer တစ်မျိုး ဝင်ရောက်လာပါတယ်။ ဒီဇိုင်းအရှယ်အစားအနေဖြင့် ရုံးလုပ်ငန်းနှင့် ကုမ္ပဏီများတွင် အသုံးပြုရန်အတွက် အထူးအဆင်ပြေစေနိုင် မယ့် Printer ဖြစ်ပါတယ်။ Resolution အနေဖြင့် 1200×1200 dpi အထိအထောက်အပံ့ပေးနိုင်မှာဖြစ်ပါတယ်။ Print Speed အနေဖြင့် 45 ppm အထိ ထုတ်နိုင်မှာဖြစ်သလို အမြင့်ဆုံး အမြန်နှုန်းဖြင့် Print ထုတ်ပေးမှာ ဖြစ်ပါတယ်။ တစ်လအတွင်း Print ထုတ်နိုင်သည့်စာရွက်အရေအတွက်ပေါင်း ၂၀၀,၀၀၀ အထိ ထုတ်ပေးမှာ ဖြစ်ပါတယ်။ အာမခံအနေဖြင့် ၂ နှစ် ပေးထားမှာဖြစ်ပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် Gandamar O.A & Business System ဖုန်း - ၃၈၃၉၃၂ ၂ ၃၈၃၉၃၄ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။ -ထေဝ

PQI Connect

ရန်ကုန်၊ စက်တင်ဘာ ၁၁

Android OS အတွက် PQI မှထုတ်လုပ်ထားတဲ့ PQI Connect ဖြစ်ပါတယ်။ ဒီ Device လေးမှာ တစ်ဖက်က Standard USB ခေါင်းနဲ့ တစ်ဖက်က Micro USB ခေါင်း ဆိုပြီး ခေါင်း ၂ ခေါင်းပါရှိမှာ ဖြစ်တယ်။ PQI Connect +app ကို အသုံးပြုပြီး ဘာမှမလိုအပ်ဘဲ ဖိုင်တွေကို တိုက်ရိုက်ဝင်ရောက် အသုံးပြုနိုင်မှာဖြစ်တယ်။ Multimedia ဖိုင်တွေကို Share လုပ်တာတွေ Devices တွေ တစ်ခုမှ တစ်ခုဆီဖိုင်တွေကို အကူးအပြောင်းလုပ်တဲ့နေရာတွေမှာ အသုံးပြုနိုင်မှာဖြစ်တယ်။ Touch တစ်ချက်တည်းဖြင့် မိုဘိုင်း device နဲ့ PQI Connect ကြားထဲမှာ Multimedia ဖိုင်တွေကို ကူးပြောင်းစီမံမှုတွေကို လျင်မြန်စွာပြုလုပ်နိုင်မှာဖြစ်တယ်။ Standard USB ခေါင်းက ရိုးရိုးကွန်ပျူတာတွေမှာရှိတဲ့ USB Ports တွေနဲ့ ချိတ်ဆက်တဲ့အခါမှာသုံးရိုးပြီး Micro USB ခေါင်းကတော့ စမတ်ဖုန်းတွေနဲ့ Tablet, PC တွေနဲ့ ချိတ်ဆက်တဲ့အခါမှာ အသုံးပြုနိုင်တာကြောင့် သီချင်းတွေ၊ ဓာတ်ပုံတွေအစရှိတဲ့ ဖိုင်တွေကို အလွယ်တကူဖြင့် USB Cable ကြိုးမလိုဘဲ ကူးပြောင်းထားနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်း 8GB ကို ၁၂၀၀၀၊ 16 GB ကို ၁၈၀၀၀၊ 32 GB ကို ၂၆၀၀၀ ကျပ်ဖြင့် Royal Ayeyarwaddy ဖုန်း - ၃၉၄၄၄၄ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ -အေးဖြူ

USB Cable

ရန်ကုန်၊ စက်တင်ဘာ ၁၂

ဂျပန်နိုင်ငံထုတ် ELECOM အမှတ်တံဆိပ် MPA - IRLC08 မော်ဒယ် USB Cable တစ်မျိုးဖြစ်ပါတယ်။ ဒီ USB Cable ကို ကွန်ပျူတာနှင့် iPhone တို့ဆက်သွယ်တဲ့နေရာတွင် အသုံးပြုနိုင်မည့်ပစ္စည်းဖြစ်ပါတယ်။ ဒီဇိုင်းပုံစံဆန်းသစ်ပြီး လှပသေသပ်အောင်ပြုလုပ်ထားမှာလည်း ဖြစ်ပါတယ်။ အချက်အလက်အကူးအပြောင်းနှင့် အားသွင်းယူခြင်းတွေကို ပြုလုပ်နိုင်မှာလည်း ဖြစ်ပါတယ်။ USB Cable ၏ ကြိုးအရှည် 0.8 m အရှည်ရှိမှာဖြစ်ပြီး ခလုတ်ဖြင့် လိုအပ်သလိုကြိုး အကွာအဝေးကို ဆွဲဆန့်နိုင်မှာဖြစ်ပါတယ်။ ကြိုးရွှေ့ထွေးမှု မဖြစ်အောင်လည်း ပြုလုပ်ထားမှာ ဖြစ်ပါတယ်။ အရောင်အနေဖြင့် အမည်း၊ ပန်းရောင်ဆိုပြီးရှိမှာဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ၁၀,၂၀၀ ကျပ်ဝန်းကျင်ရှိမှာဖြစ်ပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် Cyber Plus ဖုန်း - ၂၂၇၅၉၃၊ ၀၉- ၉၁၀၀၆၆၄၅၅ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။ -ဝေဝေ

Japan Product Expo 2013 တွင် Gandamar မှ ပါဝင်ပြသမည်

သန္တာ
ရန်ကုန်၊ စက်တင်ဘာ ၁၃

စက်တင်ဘာလ ၁၉ ရက်မှ ၂၂ ရက်ထိဉီးဝိစာရလမ်းရှိတပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်သော Japan Product Expo 2013 တွင် Gandamar O.A & Business System မှ Konica Minolta Mono Laser Printer များကိုတစ်လုံးကို တစ်ထောင်ကျပ်နှုန်းဖြင့် တစ်ရက်လျှင် ၎င်းလုံးကိုမဲနှိုက်ရောင်းချပေးမည်ဖြစ်ပြီး Color Laser Printer များကိုလည်း အထူးစျေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။ Konica Minolta အမှတ်တံဆိပ် Model Bizhub C224e ကို ယခင်စျေးနှုန်း ၅၆ သိန်းကျပ်မှ သီးသန့်စျေးအဖြစ် ၄၇. ၅ သိန်းကျပ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး Bizhub 164 ကိုယခင်စျေး ၈၅,၀၀၀ ကျပ်မှ ၆၉၀,၀၀၀ ကျပ်ဖြင့်လည်း ကောင်း၊ Bizhub 165 ကို ယခင်စျေး ၉၀၀,၀၀၀ ကျပ်မှ ၇၄၀,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ Duplex Automatic Document Feeder တပ်ဆင်ထားသော Bizhub 195 Copier ကိုယခင်စျေး ၁,၄၅၀,၀၀၀ ကျပ်မှ ၁,၃၉၀,၀၀၀ ကျပ်ဖြင့်လည်းကောင်း ရောင်းချပေးမည် ဖြစ်သည်။ ပြပွဲကာလအတွင်း ၅၀,၀၀၀ နှင့်အထက် ဝယ်ယူသူတိုင်းအား ဗလာမပါက်စမ်းမဲများ ပေးအပ်မည်ဖြစ်ပြီးဆုမဲများအဖြစ် ငွေကျပ် တစ်သောင်းတန်၊ ငါးထောင်တန် ကူပွန်များနှင့် Memory Stick 4GB, Konica Umberlla, Konica Cup များကိုပေးအပ်သွားမည်ဖြစ်သည်။

iPhone မော်ဒယ်သစ်များကို ကြိုတင်အော်ဒါများ လက်ခံမည်

ရန်ကုန်၊ စက်တင်ဘာ ၁၂

iPhone ၏နောက်ဆုံးထွက်ရှိမည့် မော်ဒယ်သစ်များကိုကြိုတင်အော်ဒါလက်ခံမည်ဖြစ်ကြောင်း သိရသည်။ " iPhone မော်ဒယ်သစ်တွေကိုကြိုတင်အော်ဒါမှာယူနိုင်ပြီဖြစ်ပါတယ်။ စရံငွေအနေနဲ့ငွေကျပ် ၁သိန်းကိုတော့ပေးထားရမှာဖြစ်ပါတယ်" ဟု NeoTech မှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။ စိတ်ပါဝင်စားသူတွေအနေဖြင့် NeoTech ဖုန်း - ၀၉၈၁၉၉၈၇၁၁၀၇၇၂၂ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည် ဖြစ်သည်။

အော်ပရေတာဝိုင်းဆိုင်ရာ ဆောင်ရွက်မှုနည်းဗျူဟာကို Ooredoo နှင့် Telenor တို့ ပူးပေါင်းဆောင်ရွက်မည်

ထွန်းထွန်း
နေပြည်တော်၊ စက်တင်ဘာ ၁၀

မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများအား လုပ်ကိုင်ရာတွင် ဆောင်ရွက်မှုနည်းဗျူဟာကို Ooredoo နှင့် Telenor တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း Ooredoo Myanmar ၏ CEO Mr. Ross Cormack ကပြောသည်။

ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူပြည်ပအော်ပရေတာနှစ်ခုအနေဖြင့် ပိုမိုလျင်မြန်သည့် ဝန်ဆောင်မှုများအတွက် အခြေခံအဆောက်အအုံများကို မျှဝေသွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိခိုက်စေမှုများကိုကန့်သတ်ရန်၊ သုံးစွဲသူများ ကုန်ကျစရိတ်သက်သာစေရန် လိုအပ်ကြောင်း ၎င်းက ပြောသည်။ "စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ၊ အခြေးလုပ်ငန်းများကို မိုဘိုင်းဖုန်းကနေ အချက်အလက်တွေရရှိင်အောင် အကောင်အထည်ဖော်ရိုင်မယ်ဆိုရင် နောက် ငါးနှစ်အတွင်းမှာ များစွာတိုးတက်လာမှာ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

3G Network ကို အခြေခံသည့် ဝန်ဆောင်မှုအစရှိသည်တို့အား အတူတကွပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဆက်သွယ်ရေးလုပ်ငန်းတွင် လျင်မြန်သည့်တိုးတက်မှုများကို ရရှိနိုင်ရန်အတွက် အတူတကွလုပ်ဆောင်ရန် အလေးထားသည်ဟု Mr. Ross Cormack ကပြောသည်။ "အခြေခံအဆောက်အအုံတည်ဆောက်မှုအပိုင်းမှာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်စလုံး အကျိုးရှိစေမယ့် ဆောင်ရွက်ချက်ကို အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်" ဟု Telenor Myanmar ၏ CEO Mr. Petter Furberg ကပြောသည်။

ဟန်းဆက်ထုတ်လုပ်မှုအပိုင်းနှင့်ပတ်သက်၍လည်း မည်သည့်စနစ်နှင့်အသုံးတည့်သည်ဆိုသည်ကို အများပြည်သူအား နားလည်အောင်ပြောပြရန်လိုအပ်ကြောင်း Mr. Ross Cormack က ပြောသည်။ "ဟန်းဆက်တစ်ခုက စနစ်အားလုံးသုံးနိုင်တယ်ဆိုတာ မရှိပါဘူး။ ဆက်သွယ်ရေးလုပ်ငန်းနဲ့ ဟန်းဆက်တွေက သဟဇာတဖြစ်ဖို့လိုတယ်" ဟု ၎င်းကပြောသည်။ အဆိုပါပြည်ပအော်ပရေတာနှစ်ခုအနေဖြင့် ပြည်တွင်းတွင် စျေးနှုန်းချိသာပြီး သုံးစွဲရလွယ်ကူသော မိုဘိုင်းဝန်ဆောင်မှုများမှတစ်ဆင့် လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအတွက် စီးပွားရေးအရသာလည်းကောင်း၊ နည်းပညာအရသာလည်းကောင်း ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာလုပ်ငန်းများမှ နည်းပညာမြင့်များကို မြန်မာနိုင်ငံတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း Myanmar Connect 2013 တွင် ပြောကြားခဲ့သည်။

Internet Journal
Vol.14, No.36 | Thursday, September 19, 2013

DCR
MYANMAR

Myanmar DCR Co., Ltd.

Japanese System Development Company

Myanmar DCR Co., Ltd. ၏ ဝန်ထမ်းရွေးချယ်မှုရှင်းလင်းပွဲ

Myanmar DCR ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ဂျပန်လူမျိုးမှ ၁၀၀%ရင်းနှီးမြှုပ်နှံထားသည့် ICT နည်းပညာကုမ္ပဏီဖြစ်သည်။ လုပ်ငန်း အတွေ့အကြုံများသော်လည်း ဂျပန်ဘာသာစကားကိုစတ်ပါဝင်စား၍ ဂျပန်နိုင်ငံ၏အဆင့်မြင့်ICTနည်းပညာများကို လေ့လာသင်ယူချင်သူ၊ အနာဂတ်တွင် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်၍ အလုပ်လုပ်ကိုင်ချင်သူ လူငယ်လူရွယ်အမြောက်အများကို အလုပ်ခေါ်ယူမည်ဖြစ်ပါသည်။

Myanmar DCR၏ အားသာချက်များ

- ☆ ဝန်ထမ်းများ၏ အရည်အချင်းတိုးတက်စေရန် အားသွန်ခွန်စိုက် ရင်းနှီးမြှုပ်နှံမှုပေးခြင်း
- ☆ ဝန်ထမ်းအားလုံး၏ ဘဝရည်မှန်းချက်များကို အမှန်တကယ် အကောင်အထည်ပေါ်နိုင်စေခြင်း
- ☆ ဝန်ထမ်းတစ်ဦးချင်းစီ၏ နေထိုင်မှုဘဝအရေးကို ဦးစားပေးစဉ်းစားပေးခြင်း
- ☆ အထက်အရာရှိအဆင့်မှ သာမန်ဝန်ထမ်းများအဆင့်ထိ လွတ်လပ်ပွင့်လင်းစွာဆွေးနွေးတိုင်ပင်နိုင်ခြင်း
- ☆ ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာများနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူနိုင်ခြင်း
- ☆ စွန့်ဦးတီထွင်မှုများအတွက် ဘက်ပေါင်းစုံမှ ပြင်ဆင်စီမံထားသော ကုမ္ပဏီဖြစ်ခြင်း
- ☆ ပျော်ရွှင်ဖွယ်ရာ Event များစွာကျင်းပပေးတဲ့အတွက် ဝန်ထမ်းများစိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အလုပ်လုပ်ကိုင်နိုင်သော ကုမ္ပဏီဖြစ်ခြင်း

အလုပ်လျှောက်ထားရန်အတွက် လိုအပ်သောအချက်များ

နေပြည်တော်ကွန်ပျူတာဈေးကွက်ထဲကို NOKIA ရဲ့ Bluetooth Stereo Headset တစ်မျိုးဝင်ရောက်လာပါတယ်။ မော်ဒယ်က BH-503 ဖြစ်ပါတယ်။ တရုတ်နိုင်ငံလုပ်ဖြစ်ပြီး Bluetooth Version 2.0 ကို အသုံးပြုထားပါတယ်။ မီတာ (၃၀) အတွင်း ကောင်းကောင်းမွန်မွန် အသုံးပြုနိုင်မယ်လို့ သိရပါတယ်။ အခြားသော Devices တွေနဲ့ချိတ်ဆက်ပြီး သီချင်းနားထောင်နိုင်သလို မိမိရဲ့ ဟန်းဆက်နဲ့ ချိတ်ဆက်ပြီး ဖုန်းခေါ်မှု၊ ပြောဆိုမှုတွေကိုပြုလုပ်နိုင်ပါတယ်။ Micro SD Card slot ပါဝင်တဲ့အတွက် မည်သည့် Devices နဲ့မှ မချိတ်ဆက်ဘဲနဲ့လည်း Memory Card နဲ့ သီချင်းနားထောင်နိုင်ပါတယ်။ အသံထွက်စနစ်က Stereo ဖြစ်ပြီး အသံထွက်လည်းကောင်းမွန်ပါတယ်။ Frequency Response အနေနဲ့ 22-18000Hz ရှိပြီး Charging သွင်းတဲ့အခါ မြန်ဆန်တာကြောင့် အားတစ်ခါသွင်းရင် မိနစ် (၂၀) ပဲကြာမြင့်မယ်လို့ သိရပါတယ်။ Control လုပ်ဖို့အတွက် Headset ပေါ်မှာ ခလုတ်ငယ်လေးတွေ ထည့်သွင်းပေးထားပါတယ်။ အားအပြည့်သွင်းထားပါက ဆက်တိုက်သီချင်းနားထောင်မယ်/ ဆက်တိုက်ဖုန်းပြောမယ်ဆိုရင် ၁၃ နာရီအသုံးပြုနိုင်ပြီး Standby အနေဖြင့်အသုံးပြုမယ်ဆိုရင်တော့ နာရီပေါင်း ၂၄၀ အထိအသုံးပြုနိုင်ပါတယ်။

နေပြည်တော်ဈေးကွက်အတွင်းမှာ လက်လီ/လက်ကားဝယ်ယူချင်တယ်ဆိုရင် KC Mobile ဖုန်း - ၀၉-၄၃၀၄၄၃၃၇ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။

တပ်ကုန်း KMD မှ ပန်းချီဆရာများကို ကွန်ပျူတာဘာသာရပ် အခမဲ့သင်ကြားပေးမည်

ကျော်ဇေယျ
နေပြည်တော်၊ စက်တင်ဘာ ၉

ပန်းချီဆရာများကို ခေတ်မီကွန်ပျူတာဖြင့် အနုပညာမြောက်ဖန်တီးနိုင်စေရန်၊ ဒီဇိုင်းရေးဆွဲနည်း၊ ပန်းချီကား ရေးဆွဲနည်း၊ စာလုံးဒီဇိုင်း၊ လိုဂိုဒီဇိုင်းနှင့် ဆေးခြေခံမှစ၍ အခမဲ့အဖြစ် နေပြည်တော်တပ်ကုန်းရှိ KMD ကွန်ပျူတာမှ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းအား အောက်တိုဘာလ ၁၆ ရက်နေ့တွင် စတင်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်လကြာဖြင့်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အခမဲ့သင်တန်းတက်ရောက်လိုပါက ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

KMD Computer (တပ်ကုန်း) အနေဖြင့် ပညာရေး၌နှာ၊ ဘုန်းတော်ကြီး၊ ဌာနဆိုင်ရာများကို အလျဉ်းသင့်သလို ကွန်ပျူတာဆိုင်ရာ ပညာရပ်များ အခမဲ့ သင်ကြားပေးလျက်ရှိပြီး ယခုအခါ ပန်းချီဆရာများသီးသန့်အတွက် အခမဲ့သင်တန်း ပို့ချရန်ရည်ရွယ်ထားကြောင်းနှင့် သင်ကြားရာတွင် Digital Painting & Concepts arts with Adobe Photoshop and Illustrator; Layers, Exposure/ Lighting, Shadows, Highlights, Surfaces, Materials, Textures, Transparency, Reflections, Composition, and Color Temperatures များမှအစ အသေးစိတ်ပေးသွားမည်ဖြစ်ကြောင်း ဆရာဖိုးနိုင်က ဆိုသည်။

"အဓိကက ကျွန်တော်တို့ဆီက ပန်းချီသမားတွေကိုခေတ်မီစေချင်တာပါ။ ဆေးရေးပန်းချီသုံးတာတော့သုံးတာပေါ့။ ကွန်ပျူတာနဲ့လည်း ဖန်တီးလို့ရတယ်ဆိုတာသူတို့ကို သိစေတတ်စေချင်တယ်။ သူတို့တစ်တွေတတ်ရင်ပိုအဆင်ပြေတယ်လေ။ သူတို့ကအနုပညာအမြင်ရှိတယ်။ ဒီတော့ပိုပြီးလက်ရာမြောက်နိုင်သလို၊ အသုံးလည်းဝင်မှာပါ" ဟု ဆရာဖိုးနိုင် KMD (တပ်ကုန်း) ကပြောသည်။

တက်ရောက်လိုသူများ အနေဖြင့် KMD (တပ်ကုန်း) အမှတ် ၆၂၊ လမ်း ၈ တော်၊ နေပြည်တော် တပ်ကုန်းသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ယာဉ်မောင်းအတတ်သင်နှင့် ဖော်တော်ယာဉ်ထိန်းသိမ်းပြုပြင်ရေး သင်တန်းဖွင့်လှစ်

ကျော်ဇေယျ
နေပြည်တော်၊ စက်တင်ဘာ ၉

နေပြည်တော်ပျဉ်းမနားတွင် ပထမဦးဆုံးသော ယာဉ်မောင်းအတတ်သင်နှင့် မော်တော်ယာဉ်ထိန်းသိမ်းပြုပြင်ရေးသင်တန်းကို အောင်ချမ်းအမည်ဖြင့် ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ယာဉ်မောင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်လိုသူများနှင့် မိမိကိုယ်ပိုင်မော်တော်ယာဉ်များကို လမ်းမများပေါ်တွင် အန္တရာယ်ကင်းရှင်းပြီး ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ သိရှိနားလည်ပြီး ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန်သင်ကြားပေးခြင်း၊ လမ်းခရီးတွင် အရေးပေါ်ကြုံတွေ့ရသော အခက်အခဲများကို ဖြေရှင်းတတ်စေရန်သင်ကြားပေးခြင်းအပြင် အင်ဂျင်ပိုင်း၊ စက်ပိုင်းဆိုင်ရာပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ထည့်သွင်းသင်ကြားပေးကြောင်း သိရသည်။

"အဓိက ပြောချင်တာက လူမှုရေးအဖွဲ့.အစည်းက သူတွေ၊ ပရဟိတအဖွဲ့.အစည်းက လူငယ်တွေအနေနဲ့ သင်တန်းကြေး အခက်အခဲရှိရင်လည်း သင်တန်းကို ဆက်သွယ်ဆွေးနွေးလို့ရပါတယ်။ ဒါဆိုရင်တော့ သင်တန်းကြေး အထူးလျှော့စေနဲ့ သင်ကြားပေးမှာဖြစ်ပါတယ်" ဟု ဆရာ အောင်ချမ်းငြိမ်းက ပြောသည်။

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို အောင်ချမ်းယာဉ်မောင်းအတတ်သင်နှင့် မော်တော်ယာဉ်ထိန်းသိမ်းပြုပြင်ရေးသင်တန်း ဖုန်း - ၀၆၇-၂၄၇၃၁ နှင့် ၀၉-၄၄၈၅၃၇၇ ၆၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

Internet Journal
Vol.14, No.36 | Thursday, September 19 , 2013

SOCIAL NETWORK

Twitter IPO အတွက် စိုးရိမ်ရန်မလိုကြောင်း Mark Zuckerberg ပြောကြား

Twitter ကုမ္ပဏီမှ လာမည့် နှစ်အစောပိုင်းတွင် ၎င်း၏ရှယ်ယာများကိုပထမဦးဆုံးအကြိမ်ပြင်ပသို့ရောင်းချရန်စီစဉ်လျက်ရှိရာ အဆိုပါကိစ္စအတွက် စိုးရိမ်ရန်မလိုကြောင်း Twitter ထက် ဦးစွာ Twitter အနေဖြင့် စိုးရိမ်ပူပန်မှုများရှိနေပြီး ပြင်ပသို့ ရှယ်ယာထုတ်ရောင်းရန် နှောင့်နှေးမှုများဖြစ်ပေါ်နေသည်။သို့ရာတွင်Mark Zuckerberg ကမူ ထိုကြောက်ရွံ့မှုများကို ကျော်လွှားသွားနိုင်မည်ဖြစ်ကြောင်းနှင့် ပထမဦးဆုံးနှစ်တွင် ကုမ္ပဏီအနေဖြင့် အခြေအနေဆိုးများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ၎င်းအခြေအနေများကပင် ကုမ္ပဏီကို ပိုမိုအားကောင်းလာစေကြောင်းပြောကြားခဲ့သည်။ လွန်ခဲ့သည့် တစ်နှစ်က မိုဘိုင်းစျေးကွက်သို့ ဝင်ရောက်ရန် အတွက် ကုမ္ပဏီ၏မိုဘိုင်းထုတ်ကုန်များကို အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ရပြီး၊ ရရှိသည့်အမြတ်ငွေမှာလည်း အလွန်နည်းပါးသော်လည်း ယခုအချိန်တွင် ၎င်း၏ အမြတ်ငွေမှာ Facebook ကြော်ငြာအမြတ်ငွေ၏ ထက်ဝက်ရှိနေပြီဖြစ်ကြောင်း Zuckerberg ကဆိုသည်။

ထို့ကြောင့် Twitter အနေဖြင့်လည်း အဆိုပါကိစ္စကို အလေးထားလုပ်ဆောင်သင့်ကြောင်းနှင့် ၎င်းသည် အလွန်ကောင်းမွန်သည့် ကိစ္စတစ်ခုဟု ထင်မြင်မိကြောင်း ပြောကြားခဲ့သည်။ ၎င်းသည် IPO တစ်ခုကို မည်သို့အဆင်ပြေချောမွေ့အောင်ပြုလုပ်ရမည်ကို အသိဆုံးလူတစ်ယောက်ဖြစ်ကြောင်း Zuckerberg က TechCrunch သတင်းဌာနနှင့်အင်တာဗျူးတွင် ဖြေကြားခဲ့သည်။

-ဟေမာ

Ref: AllThingsD

NEW PRODUCT

Apple TV သစ်ကို နောက်တိုဘာလတွင်ရောင်းချမည်ဟုဆို

Apple မှ Apple TV ဗားရှင်းသစ်ကို ဖန်တီးထုတ်လုပ်လျက်ရှိပြီး ၎င်းကို နောက်တိုဘာလတွင် စတင်ရောင်းချနိုင်ဖွယ်ရှိကြောင်း MG Siegler ၏အဆိုအရသိရသည်။

Siegler က Apple TV ကို iPad ဗားရှင်းသစ်များနှင့် အတူ လာမည့် နောက်တိုဘာလတွင် မိတ်ဆက်ဖြန့်ချိနိုင်ကြောင်း ခန့်မှန်းပြောကြားခဲ့သည်။ Apple ကုမ္ပဏီအနေဖြင့် full-fledged TV set နှင့် set-top-box ကိုလည်း ထုတ်လုပ်ရန်စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေသည်။ ထို့ပြင် အနာဂတ် တီဗွီဆက်စပ်ထုတ်ကုန်များအတွက် Xbox Kinect နှင့်ဆင်တူသည့် motion sensor ကိုလည်း စမ်းသပ်နေကြောင်းနှင့် Apple အနေဖြင့် motion-controlled TV များကိုလည်း ထုတ်လုပ်ဖြန့်ချိရန် စီစဉ်နေကြောင်း သိရသည်။ ယခုနှစ်ကုန်ပိုင်းတွင်Apple မှ4K display များနှင့်တွဲဖက်အသုံးပြုနိုင်မည့် Mac Pro ဗားရှင်းသစ်ကို ဖြန့်ချိမည်ဖြစ်ပြီး Apple TV ကိုလည်း 4K display ဖြင့် ထုတ်လုပ်လိမ့်မည်ဖြစ်ကြောင်း စွေးကွက်အတွင်း၌ ပြောဆိုလျက်ရှိသည်။

4K တီဗွီများအတွက် အစီအစဉ် နည်းပါးသေးသော်လည်း Apple ကမူ အခြား မီဒီယာဟာ့ဒ်ဝဲကုမ္ပဏီများထက်ဦးစွာ ၎င်း၏ကိုယ်ပိုင်ထုတ်ကုန်ကို ထုတ်လုပ်လိမ့်မည်ဖြစ်သည်။ Apple TV ထုတ်ကုန်အပြင် iTunes Radio ကဲ့သို့သော ဧည့်ခန်းသုံးဆော့ဖ်ဝဲ feature သစ်များကိုလည်း မကြာမီအချိန်အတွင်း မိတ်ဆက်ပေးမည်ဖြစ်ကြောင်းသိရသည်။

-ဟေမာ

Ref: 9to5Mac

NEW PRODUCT

Amazon Kindle HD 2 ၏ ဓာတ်ပုံများထွက်ပေါ်လာ

Amazon မှ Kindle ထုတ်ကုန်သစ်များ ထပ်မံမိတ်ဆက်မည့် သတင်းနှင့်အတူ Kindle Fire HD ဗားရှင်းသစ်၏ ဓာတ်ပုံအချို့ ထွက်ပေါ်လာကြောင်းသိရသည်။

Kindle ထုတ်ကုန်သစ်များ ထပ်မံထုတ်လုပ်ရန် Amazon ပြင်ဆင်နေကြောင်း ပြီးခဲ့သည့်လအနည်းငယ်ကပင် သတင်းများထွက်ပေါ်ခဲ့သည်။ ထို့ပြင် ထုတ်ကုန်သစ်အစား လက်ရှိ Kindle Fire ကို တန်ဖိုးနည်း tablet ကွန်ပျူတာအဖြစ် ပြင်ဆင်ထုတ်လုပ်မည်ဖြစ်ကြောင်းနှင့် Kindle HD နှင့် ၈.၉ လက်မအရွယ် Kindle HD တို့ကိုလည်း ပိုမိုကောင်းမွန်သည့် screen များ၊ အဆင့်မြင့်တင်ထားသည့် ဘက်ထရီသက်တမ်းနှင့်အတူ ပိုမိုလျင်မြန်စွာအသုံးပြုနိုင်စေမည့် အတွင်းပိုင်းနည်းစနစ် အဆင့်မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်းလည်းသိရသည်။ ထပ်မံထွက်ပေါ်လာမည့် Kindle HD သစ်သည် မူလထက်ပိုမိုပါလွှာပြီး ကိုယ်ထည်ဖွဲ့စည်းပုံလည်း အနည်းငယ်ပြင်ဆင်ထားကာ အသံထိန်းခလုတ်များကိုလည်း သေးဘက်တွင် ပြန်လည်ထည့်သွင်းထားကြောင်း သတင်းဓာတ်ပုံများတွင်ဖော်ပြထားသည်။ Amazon အနေဖြင့် ၎င်း၏ထုတ်ကုန်သစ်များကို အားလပ်ရက်ရာသီတွင် မိတ်ဆက်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်နေသည်။

-ဟေမာ

Ref: VentureBeat

Int'l News Round Up

06 September

Google ကုမ္ပဏီက ၎င်း၏ ဒေတာစင်တာများသို့အချက်အလက်များပို့ဆောင်စဉ်အတွင်း အချက်အလက်များ ပိုမိုလုံခြုံမှုရှိစေရန် အတွက် encryption ပြုလုပ်ပေးပို့သည့်စနစ်ကို လုပ်ဆောင်ရန်စီစဉ်နေကြောင်း သိရသည်။

07 September

Apple က အသစ်ထပ်မံ မိတ်ဆက်လိုက်သည့် iPhone 5S နှင့် 5C စမတ်ဖုန်းများကို ဂျပန်နိုင်ငံတွင် NTT DoCoMo ကွန်ရက်ကုမ္ပဏီမှတစ်ဆင့် ယခုလကုန်တွင် စတင်ရောင်းချမည်ဖြစ်ကြောင်း ဂျပန်သတင်းစာများတွင်ဖော်ပြထားကြသည်။

08 September

NSA သည်Apple iOS, Google Android နှင့်BlackBerry မိုဘိုင်း operating system များကို ခိုးဖောက်ဝင်ရောက်ကာ ၎င်းတို့၏ အီးမေးလ် စနစ်နှင့် အချက်အလက်များကို ရယူအသုံးပြုနိုင်ကြောင်း ဂျာမန်သတင်းဌာနတစ်ခုဖြစ်သည့် Spiegel က နေ့သာဖော်ပြခဲ့သည်။

09 September

Apple ကုမ္ပဏီ၏ မိုးဆက်သစ် iPhone များကို ပွဲထုတ်မိတ်ဆက်ပြီး ရက်အနည်းငယ်အကြာ စက်တင်ဘာ ၂၀ ရက်ခန့်တွင်မှ စတင်ရောင်းချမည်ဖြစ်သော်လည်း ဝယ်ယူအသုံးပြုလိုသူများသည် Apple Store ဆိုင်ခွဲအချို့တွင် စတင်၍ ကြိုတင်ဈေးဝယ်ဆိုင်းနေကြပြီဖြစ်ကြောင်း သိရသည်။

10 September

ကားနှင့်ကားမောင်းသူကို ချိတ်ဆက်ပေးပြီး ကား၏အပြန်နှုန်း၊ ကားမောင်းသူ၏ နလုံးခုန်နှုန်းစသည်တို့ကိုဖော်ပြပေးနိုင်မည့် Nismo အမည်ရှိ စမတ်နာရီကို Nissan ကုမ္ပဏီက ပွဲထုတ်မိတ်ဆက်ခဲ့သည်။

11 September

Apple ကုမ္ပဏီ၏ iPhone 5 မိုးဆက်သစ် iPhone 5S နှင့်တန်ဖိုးနည်း iPhone အမိုးအစား iPhone 5C တို့ကို ကုမ္ပဏီရုံးချုပ်တည်ရှိရာ ကူပါတီရိုမြို့တွင် အခမ်းအနားဖြင့်ပွဲထုတ်မိတ်ဆက်ခဲ့သည်။

12 September

Microsoft ကုမ္ပဏီမှ ကုမ္ပဏီ၏ မိုးဆက်သစ် Surface 2 နှင့် Surface 2 Pro tablet သစ်များကို စက်တင်ဘာလ ၂၃ ရက်နေ့တွင် နယူးယောက်မြို့၌ invitation-only အခမ်းအနားတွင် ပွဲထုတ်မိတ်ဆက်မည်ဖြစ်ကြောင်း ကုမ္ပဏီမှပြောကြားခဲ့သည်။

Gadget

လက်စွပ်သဖွယ် အသုံးပြုနိုင်မည့် နာရီ

အိတ်ဆောင်နာရီ လက်ပတ်နာရီ လည်ဆွဲနာရီစတဲ့ စိတ်ဝင်စားစရာကောင်းတဲ့ နာရီအမျိုးမျိုးကိုမြင်ကတွေ့ဖူးကြပေမယ့် ဒီလက်စွပ်နာရီကတော့ ထူးခြားတဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ ဖန်တီးထားတယ်လို့ ဆိုရမှာပါ။ ဒီ လက်စွပ်နာရီမှ အားပြန်သွင်းနိုင်တဲ့ ultra-thin lithium polymer ဘက်ထရီကိုအသုံးပြုထားပါတယ်။ ဘက်ထရီကိုတစ်ခါအားသွင်းရုံနဲ့ တစ်ပတ်အကြာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အားပြန်သွင်းတဲ့အခါ wireless Qi Charger pad ကနေ ၂ နာရီကြာ အားသွင်းရပါမယ်။ Stainless Steel နဲ့ပြုလုပ်ထားပြီး အချိန်ကို ဖော်ပြရမှာအပြာရောင်နဲ့ အဝါရောင် LED များကိုသွေးချယ်အသုံးပြုနိုင်ပါတယ်။ Prototype အဆင့်သာရှိသေးပေမယ့် အမေရိကန် ဒေါ်လာ ၁၈၅ နဲ့ရောင်းချသွားမယ်လို့ဆိုထားပါတယ်။

-နောင်နောင်

Ref: Coolest-Gadgets

အလွယ်တကူသယ်ဆောင်သွားနိုင်မည့် WiFi Signal Booster

Wi-Fi Signal ကိုမြှင့်တင်ပေးမယ့် portable device ဖြစ်ပါတယ်။ ကြိုးမဲ့ကွန်ရက်ရဲ့ Signal strength ကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ပေးနိုင်ပါတယ်။ Device ကို AC outlet မှာတပ်ဆင်ပြီး ကြိုးမဲ့ကွန်ရက်တစ်ခုကို ချိတ်ဆက်ရုံနဲ့သုံးနိုင်ပါတယ်။ 802.11n protocol ကို အသုံးပြုထားပြီး download speed က 150 Mbps ဖြစ်ပါတယ်။ Device ၁၀ ခုတစ်ပြိုင်နက်ချိတ်ဆက်ပြီး အင်တာနက်သုံးနိုင်ပါတယ်။ တန်ဖိုးက အမေရိကန်ဒေါ်လာ ၄၉.၉၅ ပါ။

-နောင်နောင်

Ref: Coolest-Gadgets

TECH

ကမ္ဘာ့ပထမဦးဆုံး ကိုယ်ပျောက်မျှော်စင်ကို မြင်တွေ့ရတော့မည်

ကမ္ဘာ့ ပထမဦးဆုံး ကိုယ်ပျောက် မျှော်စင်ကို စတင်တည်ဆောက်ရန်အတွက် တောင်ကိုရီးယားအစိုးရက သဘောတူခွင့်ပြုလိုက်ကြောင်း သိရသည်။

အမေရိကန်အခြေစိုက် GDS Architectus မှဒီဇိုင်းရေးဆွဲပြီးဖန်သားမျက်နှာပြင်ဖြင့်တည်ဆောက်ထားသည့် Tower Infinity ဟုခေါ်သောအမြင့်၄၅၀မီတာ(၁၄၇၆ပေ) ရှိသည့်မျှော်စင်ကို ဆိုးလ်မြို့အပြင်ဘက်ရှိ အင်ချွန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင်တည်ဆောက်မည်ဖြစ်သည်။

ကမ္ဘာပေါ်တွင်တတိယအမြင့်ဆုံး ကြည့်မျှော်စင်ပါဝင်သည့် Infinity Tower စီမံကိန်းအတွက် Korea Land & Housing Corporation ကကူညီပံ့ပိုးထားခြင်းဖြစ်သည်။

ကိုယ်ပျောက်မျှော်စင်အသွင် အမြင်အာရုံလှည့်စားထားသည့် Infity Tower တွင်နည်းပညာမြင့် LED facade system ကိုကင်မရာများနှင့်အတူအသုံးပြုထားသည့် အတွက်သေးပတ်ဝန်းကျင်မှတကယ်လက်ရှိပုံရိပ်များကို အဆောက်အဦး၏ မျက်နှာပြင်ပေါ်ရှိ LED screen များပေါ်တွင် မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့်မျှော်စင်ကိုကြည့်ရှုသည့်အခါတွင် သေးပတ်ဝန်းကျင်အသွင်အပြင်နှင့် တစ်သားတည်းမြင်တွေ့ရမည်ဖြစ်သည့်အတွက်မျှော်စင်ကို ကြည့်ရှုသူများ၏ မြင်ကွင်းတွင် ပျောက်ကွယ်နေမည်ဖြစ်သည်။

Korea Land & Housing Corporation နှင့် GDS Architects တို့က ကိုယ်ပျောက်မျှော်စင်အပြီး သတ်တည်ဆောက်မည့်အချိန်ကို ထုတ်ပြန်ပြောကြားခဲ့ခြင်းမရှိသေးပေ။

သို့သော်အခိုပါကိုယ်ပျောက်မျှော်စင်တည်ဆောက်မှုပြီးဆုံးခဲ့ပါက ၎င်းသည် ကမ္ဘာ့အမြင့်ဆုံးအဆောက်အဦးများဖြစ်သည့် Tokyo Sky Tree, Guangzhou Canton Tower, Toronto CN Tower, Moscow Ostankino Tower နှင့် Shanghai Oriental Peral တို့၏နောက်ဆင့်မမြောက်အမြင့်ဆုံးအဆောက်အဦးစာရင်း၀င်ဖြစ်လာမည်ဖြစ်သည်။

-နောင်နောင်၊ Ref: CNN

WEB

Yahoo အသုံးပြုသူဦးရေ ၂၀ ရာခိုင်နှုန်း မြင့်တက်လာဟု ကုမ္ပဏီအမှုဆောင်အရာရှိချုပ် ပြောကြား

ကမ္ဘာတစ်ဝန်းရှိYahoo အသုံးပြုသူဦးရေသည် ယခင်ကထက် ၂၀ ရာခိုင်နှုန်း မြင့်တက်လာပြီး လစဉ်အသုံးပြုသူဦးရေသည် သန်း ၈၀၀ ရှိကြောင်း ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Marissa Mayer က TechCrunch သတင်းဌာနသို့ ပြောကြားခဲ့သည်ဟုသိရသည်။

Yahoo လစဉ်အသုံးပြုသူများအနက် သန်း ၃၅၀ မှာ မိုဘိုင်းပေါ်မှတစ်ဆင့် အသုံးပြုကြခြင်းဖြစ်ပြီး အခိုပါအရေအတွက်သည် ၂၀၁၂ ခုနှစ်၊ ဇွန်လ (ကုမ္ပဏီအမှုဆောင်အရာရှိချုပ်အဖြစ် သူမစတင်တာဝန်ထမ်းဆောင်စဉ်) မှစ၍ ယခုကဲ့သို့ မြင့်တက်လာခြင်းဖြစ်ကြောင်း Mayer ကဆိုသည်။ ကုမ္ပဏီအရာရှိမှန်းထားသည့်အနေအထားသို့ရောက်ရှိရန်အတွက် အသုံးပြုသူ၊ ထုတ်ကုန်၊ စနစ်ကွက်ထိုးဖောက်ဈေးမှုနှင့် အမြတ်ငွေတို့ကို အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သူမကဆက်လက်ပြောကြားခဲ့သည်။ အကောင်းဆုံးထုတ်ကုန်များဖန်တီးရန် အတော်ဆုံးပညာရှင်များကို ကုမ္ပဏီတွင် အသုံးပြုမည်ဖြစ်ပြီး၊ တစ်ဖက်ကလည်း အသုံးပြုသူများကို ဆွဲဆောင်ပြီး ကြေငြာနှင့် အမြတ်ငွေများ ဖန်တီးယူမည်ဖြစ်ကြောင်း Mayer က သူမ၏အစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

အသုံးပြုသူများအနေဖြင့် ကုမ္ပဏီ၏ အဓိကထုတ်ကုန်များဖြစ်သည့် search နှင့် mail တို့ကို အသုံးပြုမှုအများဆုံးဖြစ်ပြီး ကုမ္ပဏီသက်တမ်းတစ်လျှောက် အကောင်းဆုံးထုတ်ကုန်များဖြစ်ကြသည့် mail, news, finance စသည်တို့ကိုလည်း မိုဘိုင်းထုတ်ကုန်များပေါ်တွင် အသုံးပြုနေကြကြောင်းသိရသည်။

-ဟေမာ
Ref: TechCrunch

SOCIAL NETWORK

မိုဘိုင်းပေါ်တွင် NewsFeed ဗီဒီယိုကို အလိုအလျောက်ဖွင့်ခြင်းအတွက် Facebook စမ်းသပ်နေ

Facebook ပေါ်တွင်တိုက်ရိုက် upload ပြုလုပ်သည့် ဗီဒီယိုနှင့် Instagram သို့မဟုတ်အခြားသော app များမှတင်သည့် ဗီဒီယိုများကို အလိုအလျောက်ဖွင့်ပေးနိုင်မည့် နည်းလမ်းကို Facbook က Android နှင့် iPhone သုံးစွဲသူများအတွက်စမ်းသပ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အခိုပါနည်းလမ်းသည်Facebook သုံးစွဲသူများ၏ NewsFeed တွင်ပေါ်လာသည့် ဗီဒီယိုများကို အလိုအလျောက်ဖွင့်ပေးမည်ဖြစ်သည့်အတွက် ယခင်ကဲ့သို့ click လုပ်စရာမလိုဘဲ ဗီဒီယိုများကြည့်ရှုနိုင်မည်ဖြစ်သည်။ ၎င်းကိုစမ်းသပ်နေသည့် ကာလအတွင်းတစ်ဦးတစ်ယောက်ချင်း သုံးစွဲသူများ၊ နာမည်ကျော်ကြားသူများနှင့် အရေပညာရှင်များ၏ NewsFeed တွင်ဗီဒီယိုမြင်ကွင်းကိုခဲ့ပြီး အလိုအလျောက်ဖွင့်ပေးသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

Facebook NewsFeed တွင် ဗီဒီယိုများကို အလိုအလျောက်ဖွင့်ပေးခြင်းအတွက် ဘက်ထရီသက်တမ်းသိသိသာသာလျော့နည်းခြင်းမရှိကြောင်းနှင့် စမတ်ဖုန်းသုံးစွဲသူများ၏ ကြိုးမဲ့အချက်အလက်သုံးစွဲမှုကုန်ကျစရိတ်နှင့် လစဉ်ဖုန်းကုန်ကျစရိတ်အပေါ် ကြီးကြီးမားမား သက်ရောက်မှုမရှိနိုင်ကြောင်းကုမ္ပဏီမှပြောကြားခဲ့သည်။

-နောင်နောင်
Ref: Reuters

MOBILE APP

Flipboard အသုံးပြုသူ ၈၅ သန်း ခန့်ရှိလာ

ကမ္ဘာ့ပထမဦးဆုံး လူမှုရေးမဂ္ဂဇင်းဖြစ်သည့် Flipboard ကို အသုံးပြုသူဦးရေသည် ၈၅ သန်းနီးပါးရှိကြောင်း Kleiner Perkins Caufield Byers ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံသူ ဂျွန်ဒိုရာက TechCrunch နှင့်ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ရပ်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

Kleiner Perkins CAufield Byers ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်တစ်ဦးနှင့် ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်သည့် ဂျွန်ဒိုရာ၏ ပြောကြားချက်အရရင်းသည်Flipboardတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပြီး အခြေအနေမှာလည်း တိုးတက်ကောင်းမွန်နေကြောင်းပြောကြားခဲ့သည်။ ထို့အပြင် Flipboard ကိုအသုံးပြုသူဦးရေသည် ၈၅ သန်းခန့်ရှိပြီး ၎င်း အနက် သုံးစွဲသူ ၁ သန်းကျော်မှာ၎င်းတို့၏ မဂ္ဂဇင်းများကိုဖန်တီးပြုလုပ်လျက်ရှိကြောင်း Version 2.0 ကိုဖွန့်ချိပြီးနောက်တွင် ကိုယ်ပိုင် မဂ္ဂဇင်း ဖန်တီးသူ ၃၀၀ သန်းကျော် ရှိလာကြောင်း သိရသည်။

အခိုပါသတင်းကို Flipboard မှပြောရေးဆိုခွင့်ရှိသူတစ်ဦးကအတည်ပြုခဲ့သည်။

-နောင်နောင်
Ref: TheNextWeb

IN-FLIGHT WI-FI

Gogo ၏ မျိုးဆက်သစ် in-flight Wi-Fi ကို 60Mbps ဖြင့်အသုံးပြုနိုင်မည်

လေယာဉ်ပျံသန်းစဉ်အင်တာနက်သုံးနိုင်မည့် in-flight Wi-Fi ဝန်ဆောင်မှုသစ်အတွက် အမြန်နှုန်းကို အမြင့်ဆုံး 60Mbps အထိအသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Gogo ကုမ္ပဏီက ထုတ်ဖော်ပြောကြားခဲ့သည်။

Gogo GTO (ground to orbit) ဟုခေါ်ဆိုသည့် in-flight Wi-Fi ဝန်ဆောင်မှုကို Virgin လေကြောင်းလိုင်းတွင် အသုံးပြုရန် ကုမ္ပဏီနှစ်ခုအကြား သဘောတူညီမှုရရှိထားပြီးဖြစ်သည်။ အခိုပါဝန်ဆောင်မှုသစ်ကို ၂၀၁၄ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် လက်ရှိအသုံးပြုနေသည့် ကြိုဖြတ်တုနည်းပညာကို Gogo ၏ Air to Ground ကွန်ရက်နှင့် တွဲဖက်အသုံးပြုမည်ဟုသိရသည်။ ၎င်းကြိုဖြတ်တုချိတ်ဆက်မှုက လေယာဉ်သို့အချက်အလက်ပေးပို့မည်ဖြစ်ပြီး ATG ဆယ်လူလာကွန်ရက်ကမေပြင်သို့ပြန်လည်ပေးပို့မှုများပြုလုပ်ပေးမည်ဖြစ်သည်။

လေယာဉ်ပျံသန်းစဉ်အင်တာနက်ကို မြန်နှုန်းမြင့်ဖြင့်အသုံးပြုနိုင်မည့် အစီအစဉ်တွင်ကောက်ခံမည့် ဝန်ဆောင်ခကို ကုမ္ပဏီနှစ်ခုမှကြေညာခဲ့ခြင်းမရှိပေ။

-နောင်နောင်
Ref: TheVerge

NEWS IN BRIEF

Google Plus ဝန်ဆောင်မှုတွင် အခြားဝက်ဘ်ဆိုက်နှင့် ဘလော့ဂ်များမှ ဗီဒီယိုများ၊ link များနှင့် အခြားအကြောင်းအရာများကို embed ပြုလုပ်ထည့်သွင်းနိုင်မည့် embedded posts feature သစ်ကိုမိတ်ဆက်ပေးခဲ့သည်။ လူမှုကွန်ရက်စေးကပ်ရာဖွေသူများအနေဖြင့် ၎င်းတို့ဝန်ဆောင်မှုတွင် post များကို embed ပြုလုပ်ခွင့်ပေးခြင်းဖြင့် ၎င်းတို့၏စေးကပ်သက်တမ်းကို ပိုမိုရှည်လျားစေနိုင်မည်ဖြစ်သည်။ ထို့ပြင် ဘလော့ဂ်ဂါများနှင့် ဝက်ဘ်ဆိုက်နေသားသူများကလည်း ၎င်းတို့၏ လူမှုကွန်ရက်အကြောင်းအရာများကို ဝက်ဘ်ဆိုက်ပေါ်တွင် တိုက်ရိုက်ဝေမျှနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့သော post များကို embed ပြုလုပ်နိုင်ခြင်းဖြင့် သတင်းရင်းမြစ်များစွာမှ အကြောင်းအရာများစွာကိုလည်း စာမျက်နှာတစ်ခုတည်း (သို့မဟုတ်) post တစ်ခုတည်းတွင် စုစည်းဖတ်ရှုနိုင်တော့မည်ဖြစ်သည်။

အသက် ၂၉ နှစ်ရှိပြီဖြစ်သည့် Facebook ကုမ္ပဏီတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mark Zuckerberg က သူ၏ငယ်ဘဝတစ်လျှောက်တွင် Bill Gates ကို အလွန်အားကျခဲ့သက်ကြောင်း ဆန်ဖရန်စစ္စကိုဥက္ကဋ္ဌပပြုလုပ်သည့်တွေ့ဆုံပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ Techcrunch တည်ထောင်သူ Michael Arrington ၏ မေးခွန်းကို Zuckerberg ကသူအချွယ်ရောက်ပြီး ဒီးပွားရေးလောကသို့ဝင်ရောက်ချိန်တွင် Bill Gates က ၎င်း၏ သူရဲကောင်းဖြစ်ကြောင်းနှင့် Bill Gates သည် နည်းပညာလောကတွင် ထက်မြက်ပြီး အမြော်အမြင်အရှိဆုံးသူတစ်ဦးဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

Internet Journal
Vol.14, No.36 | Thursday, September 19 , 2013

NEW PRODUCT

iPhone ထုတ်ကုန်သစ်နှစ်မျိုးကို Apple ပွဲထုတ်မိတ်ဆက်

ပြီးခဲ့သည့် စက်တင်ဘာလ ၁၀ ရက်က iPhone 5S နှင့် iPhone 5C အမည်ရှိ iPhone သစ်နှစ်မျိုးကို Apple ကပွဲထုတ်မိတ်ဆက်ခဲ့သည်။ယခုမိတ်ဆက်သည့်iPhone သစ်များသည် ကုမ္ပဏီသက်တမ်းတစ်လျှောက် လူကြိုက်အများဆုံးဖြစ်ခဲ့သည့် iPhone 5 နေရာတွင် အစားထိုးထုတ်လုပ်မည်ဖြစ်ပြီး iPhone 5S ကို စွမ်းဆောင်ရည်ပို မိုပြည့်ဝကောင်းမွန်စွာထုတ်လုပ်ထားကာiPhone 5Cကိုမူ အရောင် စုံလင်ဖြင့်ထုတ်လုပ်ထားကြောင်း ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ Tim Cook ကပြောကြားခဲ့သည်။

iPhone 5S ကိုငွေရောင်၊ရွှေရောင်နှင့် မီးခိုးရောင် အရောင်သုံးမျိုးဖြင့်ထုတ်လုပ်ထားပြီး ကိုယ်ထည်အတွက် အဆင့်မြင့်အလူမီနီယမ်သတ္တုကိုအသုံးပြုထားသည်။ iPhone 5S ကို Apple ကုမ္ပဏီ၏ 64-bit A7 system-on-a-chip ပရိဆက်ဆာ အသုံးပြုထုတ်လုပ်ထားပြီး ၎င်းသည် ကမ္ဘာ့ပထမဦးဆုံး 64-bit စမတ်ဖုန်းပရိဆက်ဆာဖြစ်ကာ မည်သူမှမယှဉ်ပြိုင်နိုင်သည့်စွမ်းဆောင်ရည်ဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ကမ္ဘာ့စွမ်းအားကြွက် အကြီးတန်းတွဲဖက်ဥက္ကဋ္ဌဖြစ်သူ Phil Schiller ကပြောကြားခဲ့သည်။ 64-bit kernel အတွက် iOS 7 ကို ထောက်ပံ့ထားပြီး built-in app များအပြင် third-party app များကိုလည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

iPhone 5S တွင် Touch ID ဟုခေါ်ဆိုသည့်လုံခြုံရေး feature သစ်ပါဝင်လာပြီး အဆိုပါစနစ်အတွက် Home button တွင် fingerprint scanner ကို ထည့်သွင်း ထုတ်လုပ်ထားသည်။ Fingerprint sensor သည် အသုံးပြုသူများ၏ လက်ဗွေအချက်အလက် များကို အလွန်တိကျစွာဖတ်ရှုမှတ်သားနိုင်ပြီး မည်သည့်လက်ချောင်းဖြင့်မဆို အသုံးပြုနိုင်ရန်လည်းပြုလုပ်ပေးထားကြောင်း သိရသည်။ ထို့ပြင် Touch ID sensor သည် လက်ဗွေမျက်နှာပြင်ကို ၃၆၀ ဒီဂရီ လှည့်၍ဖတ်ရှုနိုင်သည့်အတွက် လက်ကို မည်သည့်အနေအထားဖြင့်မဆို ထား၍ဖွင့်နိုင်မည်ဖြစ်သည်။ iPhone 5S ၏ကင်မရာကိုiPhone 5 ထက် ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ထားသည်။ True Tone Flash ပါဝင်သည့်အပြင် Slo-Mo camera ဟုခေါ်သည့် video camera option သစ်ကိုလည်း ထည့်သွင်းထုတ်လုပ်ထားသည်။

iPhone 5S ကို အမေရိကန်၊ သြစတြေးလျ၊ ကနေဒါ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ဟောင်ကောင်၊ ဂျပန်၊ ပေါ်တာရီကို၊ စင်ကာပူနှင့် ဗြိတိန်တို့တွင် ရောင်းချမည်ဖြစ်ပြီး Apple အွန်လိုင်းစတိုး၊ Apple လက်လီစတိုး၊ AT&T, Sprint, T-Mobile, Verizon Wireless နှင့် ရွေးချယ်ထားသည့် Apple ကုမ္ပဏီအသိအမှတ်ပြုပြန်လည်ရောင်းချသူများထံတွင်ဝယ်ယူနိုင်မည်ဖြစ်သည်။ တန်ဖိုးအနေဖြင့် unlock ဖားရှင်းအတွက် 16GB ကို အမေရိကန်ဒေါ်လာ ၆၄၉ 32GB ကို အမေရိကန်ဒေါ်လာ ၇၄၉ နှင့် 64GB ကို အမေရိကန်ဒေါ်လာ ၈၄၉ အသီးသီး သတ်မှတ်ထားသည်။ iPhone 5S အတွက် အရောင် ၆ ရောင်ရှိသည့် သားရေ case များကို တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၃၉ စီဖြင့် ဝယ်ယူနိုင်ကြောင်းသိရသည်။

iPhone 5C ကို အပြာ၊ အစိမ်း၊ အဖြူ၊ ပန်းရောင်နှင့် အဝါရောင်အရောင်အမိုးမျိုးဖြင့်ရရှိနိုင်ပြီး ဖုန်း၏အရှေ့ဘက်ကို အနက်ရောင်ဖြင့် ထုတ်လုပ်ထားကာ Home button နှင့်ခလုတ်များအပါအဝင် ကျန်ကိုယ်ထည်များကိုမူ အရောင်သစ်များအသုံးပြုထား သည်။ iPhone 5C တွင် default wallpaper ကို ဖုန်း၏ကိုယ်ထည်အရောင်နှင့် လိုက်ဖက်မှုရှိအောင် ပြုလုပ် ထည့် သွင်းထားသည်။ ကိုယ်ထည်ကို မာကျောသည့် ပိုလီကာဗွန်နိတ်ဖြင့် ပြုလုပ်ထားသည်။ iPhone 5C ကို iPhone 5 နည်းတူ ၄ လက်မအရွယ် Retina display တပ်ဆင်ထုတ်လုပ်ထားပြီး A6 chip အသုံးပြုထားသည်။ iPhone 5 ထက် ဘက်ထရီအရွယ်အစားပိုမိုကြီးမားပြီးဘက်ထရီစွမ်းဆောင်ရည်လည်း ပိုမိုကောင်းမွန်ကြောင်းသိရသည်။

iPhone 5C ကို 8-megapixel iSight ကင်မရာတပ်ဆင်ထုတ်လုပ်ထားသည်။ iPhone 5S နည်းတူ case များကို အရောင် ၆ မျိုးဖြင့် ရရှိနိုင်ကာ အမေရိကန်ဒေါ်လာ ၂၉ စီဖြင့် ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါ case များကို နူးညံ့သည့် ဆီလီကွန်ရာဘာဖြင့်ပြုလုပ်ထားပြီး အောက်ခြေ၏ ၃ ပုံ ၂ ပုံတွင် စက်ဝိုင်းငယ်လေးများကို ပုံဖော်ဖြတ်တောက်ထားသည်။ iPhone 5C ကိုမူ 16GB နှင့် 32GB ဗားရှင်းနှစ်မျိုး သာထုတ်လုပ်ထားပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၉ နှင့် ၆၄၉ အသီးသီးဖြစ်သည်။ စက်တင်ဘာလ ၁၃ ရက်တွင် ကြိုတင်အမှာစာပေးပို့နိုင်မည်ဖြစ်ပြီး ၂၀ ရက်တွင်မူ Apple အွန်လိုင်းစတိုး၊ Apple လက်လီစတိုးများ၊ AT&T, Sprint, T-Mobile, Verizon Wireless နှင့် ရွေးချယ်ထားသည့် Apple ကုမ္ပဏီအသိအမှတ်ပြုပြန်လည်ရောင်းချသူများထံတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

-ဟမာ

Ref: MacWorld

TECH

အထူအက်တမ်နှစ်ခုအရွယ်ရှိ ဖန်သားမျက်နှာပြင်သစ် ကမ္ဘာ့အပါးလွှာဆုံး ဂင်းနှစ်စံချိန်တင်

ကမ္ဘာ့အပါးလွှာဆုံး ဖန်သားမျက်နှာပြင်အဖြစ် အက်တမ်နှစ်ခုအထူရှိသည့် အလွန်ပါးလွှာသောဖန်သားမျက်နှာပြင်က ကမ္ဘာ့ဂင်းနစ်စံချိန်မှတ်တမ်းစာအုပ်တွင်ဖော်ပြခြင်းခံခဲ့ရကြောင်း သိရသည်။

အဆိုပါအလွန်ပါးလွှာသည့် ဖန်သားမျက်နှာပြင်ကို Cornell တက္ကသိုလ်နှင့် ဂျာမနီရှိင်ဂ်ရှိ Ulm တက္ကသိုလ်တို့မှ သိပ္ပံပညာရှင်များက အမှတ်တမဲ့ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ သန့်စင်သည့်ဂရပ်ဖင်းကို ထုတ်လုပ်နိုင်ရန်ကြိုးစားနေချိန်တွင် သုတေသီများက ဇစ်သက်ဖွယ်မရှိသည့်ပုံသဏ္ဌာန်တစ်ခု ဖွဲ့စည်းတည်ဆောက်နေပုံကို သတိပြုမိခဲ့ကြသည်။ ၎င်းကိုအနီးကပ်လေ့လာစမ်းစစ်မှုများပြုလုပ်သည့်အခါ၌ဆီလီကွန်နှင့်အောက်ဆီဂျင်တို့ ပေါင်းစပ်ဖွဲ့စည်းထားသည့် ဖန်သားအလွှာအဖြစ် တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ၎င်းလွှာတွေ့ရှိချက်သည် သိပ္ပံပညာရှင်များအတွက် ဖန်သားအဓိကဖွဲ့စည်းတည်ဆောက်ပုံနှင့်ပတ်သက်၍ အဖိုးတန်သည့် အသိအမြင်သစ်ကို ပေးစွမ်းနိုင်ခဲ့သည်။ အီလက်ထရွန်အဏုကြည့်စနစ်ကိုအသုံးပြု၍ ဖန်သားထဲတွင်တည်ရှိနေသည့် မြူမှုန်များကို ခွဲခြမ်းစိတ်ဖြာခဲ့ကြောင်း ယခုလေ့လာစမ်းစစ်မှုကိုပြုလုပ်ခဲ့သည့် စာတ်ခွဲခန်းပိုင်ရှင် David A. Muller ကပြောကြားခဲ့သည်။ အဆိုပါ ဖန်သားမျက်နှာပြင်စံချိန်သစ်ကို ဂင်းနစ်မှတ်တမ်းစာအုပ် 2014 Edition တွင် ရိုက်နှိပ်ဖော်ပြမည်ဖြစ်သည်။



-ဟမာ

Ref: TheVerge

NEW TECH

မျိုးဆက်သစ် Chromebook များတွင် Haswell ချစ်ပ် အသုံးပြုမည်

မျိုးဆက်သစ် Chromebook များကို Intel ကုမ္ပဏီ၏ မျိုးဆက်သစ် Haswell ပရိဆက်ဆာ အသုံးပြုထုတ်လုပ်မည်ဖြစ်ကြောင်း Intel Developer Forum တွင် Google ကပြောကြားခဲ့သည်။

Haswell အခြေခံ Chromebook များသည်ယခင် Atom ပရိဆက်ဆာအသုံးပြု Chromebook များထက် စွမ်းဆောင်ရည်နှင့် ဘက်ထရီသက်တမ်း ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ HP နှင့် Acer တို့နည်းတူ ASUS နှင့် Toshiba တို့ကလည်း Haswell အခြေခံ Chromebook များထုတ်လုပ်ရန်ပြင်ဆင်နေကြောင်း သိရသည်။ Google မှ Haswell ချစ်ပ် အသုံးပြု Chromebook များထုတ်လုပ်လာခြင်းဖြင့် ၎င်း၏အဓိကစျေးကွက်ကို ပိုမိုထိုးဖောက်နိုင်မည်ဖြစ်သည်။ Google အနေဖြင့် ၎င်း၏ Chromebook များကို ပိုမိုလျင်မြန်စွာနှင့် ဘက်ထရီသက်တမ်း ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်ရန်ပြုလုပ်လျက်ရှိပြီး လက်ရှိစမ်းသပ်ထုတ်လုပ်ထားသည့် Google Chromebook သစ်သည် ဘက်ထရီသက်တမ်း ၈ နာရီကျော် အသုံးပြုနိုင်ကြောင်းသိရသည်။

Acer မှ ယခင်ထုတ်လုပ်ထားသည့် Chromebook သည် ၃ နာရီကျော်ကြာအသုံးပြုနိုင်ပြီး Haswell အခြေခံ Chromebook ကို မူ ၈ နာရီကျော် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီမှပြောကြားထားသည်။

-ဟမာ Ref: Forbes

#1 PC VENDOR WORLDWIDE
IN TERMS OF UNIT SHIPMENTS IN Q2 2013

lenovo FOR THOSE WHO DO.

GET HERE..!
SPECIAL DISCOUNT

Lenovo ideapad Z400

SAVE 30$
$ 729
$ 699

Combine with Uncompromised Processor Performance

25% SLIMMER
100% POWER-PACKED.

- Intel Core i5-3230M (2.6GHz)
- 4GB RAM, 1TB HDD
- Nvidia GeForce GT740M 2GB
- 14" HD LED Display
- DVD SuperMulti
- Veriface (Face Recognition Technology)
- Keyboard Backlight, 6-Cells Battery

Lenovo ideapad G480

SAVE 20$
$ 409
$ 389

အိမ်သုံး / ရုံးသုံးအတွက် ဈေးနှုန်းသက်သာပြီး
စွမ်းဆောင်ရည်ကောင်းတဲ့ Notebook

- Intel Pentium (2.2GHz)
- 2GB RAM, 500GB HDD
- Intel HD Graphics
- Dual Super Multiburner Drive
- 14.1" WXGA LED Display
- WiFi , 5 in 1 CardReader, Bluetooth
- 6-Cells Battery

DIAMOND PARTNER			
Technoland ☎-73024327, 91024812	☎ 216484 215353	IDEA LINK ☎ 376212, 73026840	EASTERN ☎-398224
☎ 382979, 374544	KMD ☎ 245180, 02-60360	KING EMPIRE ☎-398129, 386925	NEO TECH ☎-710752, 398199
INNWA ☎-385183, 02-71108	KING POWER ☎-398008	UNIQUE ☎-391789, 0973171212	

PLATINUM PARTNER			
INet System ☎-02 - 69322	Double H ☎-057 21217	CyberSpace ☎-0952 12924	☎-398037 246837
MRJ ☎-392259	MAT ☎-09 2015503	mst ☎-082 - 31009	LINN ☎-067 - 22884
MyCom Computer Technology ☎ 02-69309		TZN(Meithtilar) ☎-064 - 23232	Greendays ☎-02 - 73417

GOLD PARTNER	
ME ☎-02 - 74322	Century ☎-071 - 23233
Minn Nwe ☎-5342716	Top World ☎-09 47051606
RADIANCES ☎-380220, 385267	Magic Eye ☎-09 2300358

Sole Distributor : KMD Co., Ltd. - Tel: 385177, 245180, 503511, 503522

Internet Journal
Vol.14, No.36 | Thursday, September 19 , 2013

htc

၁၀၀% တိကျမှန်ကန်တဲ့ မြန်မာစာစနစ် ၁ရေး အာမခံ

htc Butterfly
バタフライ

Ks 539,000/-

- Display 5.0"
- CPU 1.5GHz Quad-core
- RAM 2GB
- Camera 8MP (LED Flash)
- Storage Dual Storage
  16GB(Internal) up to 64GB
+ 25GB Free Dropbox Space
Blinkfeed
- Network GSM/ WCDMA

htc One X+

Ks 499,000/- 64GB Internal Storage

- Display 4.7"
- CPU 1.7GHz Quad-core
- RAM 1GB
- Camera 8 MP (LED Flash)
- Storage Dual Storage
  64GB(Internal)
+ 25GB Free Dropbox Space
Blinkfeed
- Network GSM/ WCDMA

FREE UPGRADE TO HTC SENSE 5

Blinkfeed News Partner
ELEVEN PLANET 7DAY DAILY INTERNET SOCCER MYANMAR THE IRRAWADDY
လစဉ်ကြေး၊ နှစ်စဉ်ကြေး ပေးသွင်းစရာမလိုဘဲ နောက်ဆုံးရသတင်းတွေကို HTC Smart Phone ရဲ့ Blink Feed ကနေဖတ်ရှုနိုင်ပါပြီ...

htc Desire X

Ks 263,000/-

- Display 4"
- CPU 1.0GHz Dual-core
- RAM 768 MB
- Camera 5MP (LED Flash)
- Storage Dual Storage
  4GB(Internal) up to 32GB
+ 25Gb Free Dropbox Space
- Network GSM/ WCDMA

htc Desire VC

Ks 199,000/-(Dual Sim)

- Display 4"
- CPU 1.0GHz
- RAM 512MB
- Camera 5MP (LED Flash)
- Storage Dual Storage
  4GB(Internal) up to 32GB
+ 25GB Free Dropbox Space
- Network CDMA 800MHz + GSM

htc Desire C

Normal Prize ~~139,000/-~~
CashBack KS10,000

Ks 129,000/-

- Display 3.5"
- CPU 600MHz
- RAM 512MB
- Camera 5MP
- Storage Dual Storage
  4GB(Internal) up to 32GB
+ 25GB Free Dropbox Space
- Network GSM/ WCDMA

Desire C ဝယ်ယူသူများအတွက်
Desire C Hard Shell + Silicon Case 50% OFF

HTC ORIGINAL ACCESSORIES

HTC Desire C Hard Shell (Best BUY)

Ks 9,000/-

HTC Desire C Silicon Case (Best BUY)

Ks 8,000/-

HTC Desire X Hard Shell

Ks 13,000/-

HTC Desire X Pouch

Ks 13,000/-

HTC One X+ Hand Case

Ks 15,000/-

HTC Butterfly Book Cover

Ks 25,000/-

HTC ATHUORISED SERVICE CENTRE

Yangon: 174-182, Pansodan Road(Middle Block) Kyauktada Tsp, Yangon. Tel: 951- 378431, 385077.

Mandalay: 103/1, 77th St., Bet 27th & 28th St., Chan Aye Thar Zan Tsp, Mandalay.Tel: 02-60239, 21040, 21049

Internet Journal
Vol.14, No.36 | Thursday, September 19, 2013

Chrome Browser အတွက်အကောင်းဆုံး Extension များ

Chrome Browser အသုံးပြုတဲ့သူတွေအတွက် Mozilla Firefox မှာအသုံးပြုတဲ့ Add-on တွေကဲ့သို့ပဲ Chrome Browser မှာ Extension တွေကိုအသုံးပြုနိုင်မှာဖြစ်ပါတယ်။ Chrom Browser Extension တွေဟာ သင့်ရဲ့ Web Browser အတွင်းမှာ အချို့ဧသာသက်ဆိုင်ရာလုပ်ဆောင်ချက်တွေကို အလျင်အမြန်နဲ့ ပြုလုပ်နိုင်အောင်စွမ်းဆောင်ပေးနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် သုံးစွဲသူတွေအတွက် အကောင်းဆုံးဧသာ Extension များကိုရွေးချယ်ဖော်ပြလိုက်ပါတယ်။

AdBlock

AdBlock ဆိုတာကတော့ သင်အသုံးပြုနေတဲ့ Facebook, Youtube နဲ့ Hulu တို့လို ဆိုက်တွေမှာ တက်နေတတ်တဲ့ကြော်ငြာစာမျက်နှာတွေကို Block ပြုလုပ်ပေးထားနိုင်မယ့် Extension ဖြစ်ပါတယ်။ Banner Advertising များကို သင့်ရဲ့ ဝက်ဘ်စာမျက်နှာတွေပေါ်ကဖန်ဖယ်ရှားရှင်းလင်းဖို့အတွက် အသုံးပြုသင့်တဲ့ Extension တစ်ခုဖြစ်ပါတယ်။

Downloads

Downloads ဆိုတဲ့ Extension ကတော့ သင် Chrome Browser ကိုအသုံးပြုတဲ့အခါမှာ Download ပြုလုပ်မယ်ဆိုရင် စွမ်းဆောင်ရည်အပြည့်ဝဆုံး ပေးစွမ်းနိုင်တဲ့ Chrome Extension ဖြစ်ပါတယ်။ Downloadပြုလုပ်တဲ့အခါမှာ Brower ကBuiltinDownloaderထက်ပိုမိုကောင်းမွန်အောင် စွမ်းဆောင်ပေးနိုင်မှာဖြစ်ပါတယ်။

Awesome Screenshot: Capture & Ann



ဝက်ဘ်စာမျက်နှာပေါ်က သင်လိုချင်တဲ့ အရာတွေကို ကလစ်တစ်ချက်နှိပ်ရုံနဲ့ Screenshot ပြုလုပ်ပေးဖို့ဆိုရင်AwesomeScreenshotကိုအသုံးပြုသင့်ပါတယ်။AwesomeScreenshotဟာ Capture သာမက Edit ပြုလုပ်ပြီး Share လည်းပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဝက်ဘ်စာမျက်နှာရဲ့အပိုင်းအလိုက်ကို Screenshot ပြုလုပ်ပေးနိုင်မယ့် Extension တစ်ခုဖြစ်ပါတယ်။

Spell and Grammar checker by Ginger

Ginger ဆိုတဲ့ Extension ကတော့ သင် Chrome Browser ကိုအသုံးပြုပြီး English စာကို ပိုမိုကောင်းမွန်တိုးတက်အောင် လေ့ကျင့်နိုင်မယ့် Extension တစ်ခုဖြစ်ပါတယ်။ ဒီ Extension ကို အသုံးပြုပြီး Ginger Software တစ်ခုကိုရယူကာ သင့်ရဲ့ English Grammer Skill တွေနဲ့ အခြားသောလေ့ကျင့်ခန်းတွေကိုပြုလုပ်နိုင်မှာဖြစ်ပါတယ်။

TooManyTabs for Chrome

Too Many Tabs ဆိုတာကတော့ သင်ဟာ အင်တာနက်ကိုအရမ်းသုံးတတ်တဲ့သူတစ်ယောက် ဆိုရင် တစ်ပြိုင်နက်ထဲမှာ ဝက်ဘ်စာမျက်နှာပေါင်း များစွာကို Too Many Tabs Extension က သင့်ကို ကူညီမှာပါဖြစ်ပါတယ်။ သင့်ဖွင့်ထားတဲ့ Browser အတွင်းက Tab တွေများစွာကို Too Many Tabs Extensionအကူအညီနဲ့သင်ဟာအချိန်ကုန်သက်သာစွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

instant translate



Instantnt Translate ကတော့ သင်နားမလည်တဲ့အချို့ဘာသာစကားတွေကို Google Chrome Browserထဲကနေအလွယ်တကူနဲ့ကလစ်တစ်ချက်နှိပ်ပြီးသိရိုးလိုတာကိုဘာသာပြန်ဆနိုင်မယ့်Chrome Extenstion တစ်ခုဖြစ်ပါတယ်။ ဒီ Extension ဟာ ဘာသာစကားအမျိုးပေါင်း ၆၆ မျိုးကို ဘာသာပြန်ဆိုပေးနိုင်မှာဖြစ်ပြီး သင်ရိုက်ထည့်ထားတဲ့ စကားလုံးတွေကိုလည်းHistoryအဖြစ်သိမ်းဆည်းထားပေးမှာဖြစ်ပါတယ်။

dotEPUB

dotEPUB ကတော့ အချိန်မအားလပ်လို့ အင်တာနက်ပေါ်ကစာတွေကိုမဖတ်နိုင်တဲ့သူတွေအတွက် EPUB Verion အဖြစ်ပြောင်းကာ ဖတ်ရှုနိုင်အောင် စီစဉ်ပေးနိုင်တဲ့ Extension တစ်ခုဖြစ်ပါတယ်။ EPUB ဖိုင်တွေကို အလွယ်တကူနဲ့ လုပ်ယူနိုင်အောင်စီစဉ်ပေးထားတဲ့Chromeရဲ့Extension တစ်ခုလည်းဖြစ်ပါတယ်။

PanicButton

Panic Button ဟာ အသုံးဝင်တဲ့ Extension တစ်ခုဖြစ်ပါတယ်။ Panic Buttonဟာသင့် Browser အတွင်းမှာဖွင့်ထားတဲ့ Tab တွေနဲ့ Bookmark တွေကိုမလိုအပ်တဲ့အခါမှာဖျောက်ထားနိုင်ပြီး၊အကယ်၍ အလိုရှိတယ်ဆိုရင်တော့ သင်ဟာကလစ်တစ်ချက်နှိပ်လိုက်ရုံနဲ့ Button တွေ Bookmark တွေကို ပြန်လည်ခေါ်ယူပြီး အသုံးပြုနိုင်မှာဖြစ်ပါတယ်။

Better History



Better History ဆိုတဲ့ Extension ကတော့ သင်အသုံးပြုခဲ့တဲ့ Web လိပ်စာတွေကို ပြန်လည်ရှာဖွေတဲ့အခါမှာ အသုံးဝင်တဲ့ Extension တစ်ခုဖြစ်ပါတယ်။ ဧနေ့ဉ်သင်အသုံးပြုထားတဲ့ ဝက်ဘ်ဆိုက်တွေရဲ့ဧနေ့ရက်တွေနဲ့အချိန်တွေကိုပြန်လည်ကြည့်ရှုပြီး အသုံးပြုနိုင်မှာဖြစ်ပါတယ်။

IP-Address



IP Address ဆိုတဲ့ Extension ကတော့ သင်အသုံးပြုနေတဲ့ IP Address နဲ့ Country တွေကို ဖော်ပြပေးနိုင်မယ့် Extension တစ်ခုဖြစ်ပါတယ်။ Conuntry & DNS ကို ကလစ်တစ်ချက်နှိပ်ရုံနဲ့ အလျင်အမြန်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

Browser extension ဆိုတာ ဘာလဲ

Browser extension ဆိုတာ web browser တစ်ခုမှာ အသုံးပြုနိုင်တဲ့ ကွန်ပျူတာပရိုဂရမ်တစ်ခုဖြစ်ပါတယ်။ Browser နဲ့ version အမေါ်မူတည်ပြီး plug-in, add-on ဆိုတဲ့အသုံးအနှုန်းတွေ ကွဲပြားသွားပါတယ်။ ဒီတစ်ပတ် IJ Plus မှာ ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံး Mozilla Add-ons နဲ့ Chrome extension တွေကို ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

Mozilla Add-ons ဆိုတာ Mozilla Firefox, Mozilaa Thunderbird, SeaMonkey နဲ့ Mozilla Sunbird စတဲ့ Mozilla software တွေအတွက် add-ons တွေထောက်ပံ့ပေးထားတဲ့ တရားဝင် Mozilla Foundation website ဖြစ်ပါတယ်။ အဲ့ဒီ add-on တွေမှာ extension တွေ၊ theme တွေ၊ dictionary တွေနဲ့ plugin တွေပါဝင်ပါတယ်။ ဒို့မိန်းနာမည် addons.mozilla.org ကြောင့် အဲ့ဒီ website ကို AMO ဆိုပြီး လူသိများပါတယ်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီ၃၀ မှာ ကုမ္ပဏီရဲ့ ကြေညာချက်အရ Mozilla Add-ons website ကဧန add-on တွေကို download ပြုလုပ်တဲ့ အရေအတွက် သန်း ၆၀၀ ကျော်ရှိခဲ့ပြီး add-on တွေကို ဧနေ့စဉ် update ပြုလုပ်တဲ့ အရေအတွက် သန်း ၁၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။

Google Chrome Extensions ဆိုတာကတော့ Google Chrome browser ကို ပြုပြင်ခွမ်းမံနိုင်တဲ့ browser extension ဖြစ်ပါတယ်။ ဒီ extension တွေကို HTML, JavaScript, CSS စတဲ့ web နည်းပညာတွေနဲ့ ရေးဆွဲထားတာပါ။ Google Chrome Extension တွေကို Chrome Web Store https://chrome.google.com/webstore ကဧန download ပြုလုပ်နိုင်ပါတယ်။

PIONEERING THE FUTURE OF MEDIA
AND TECHNOLOGY IN MYANMAR
Myanmar's Leading Company in News Media and e-Government
INFORMATIONMATRIX
INNOVATING FOR THE FUTURE
www.informationmatrix.com
Diamond Center, Building (E), Pyay Road, Kamaryut Township, Yangon 11041, Myanmar. Tel: +95 1 512 887, Fax: +95 1 513 519

ADD-ONS

အကောင်းဆုံး Firefox add-on များ

Adblock Plus 2.3.2

Firefox အသုံးပြုနေတဲ့အခါ ကြော်ငြာတွေ ခဏခဏ ပေါ်နေတာနဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်နေရင် Adblock Plus ကို install လုပ်ပြီး ဖြေရှင်းနိုင်ပါတယ်။



DownThemAll! 2.0.16

Firefox ရဲ့ ပထမဦးဆုံးနဲ့ တစ်ခုတည်းသော download manager/accelerator ဖြစ်ပါတယ်။



LastPass Password Manager 2.0.20

LastPass ကတော့ အခမဲ့ အွန်လိုင်း password manager နဲ့ အင်တာနက်အသုံးပြုခြင်းကိုလုံခြုံလွယ်ကူစွာနဲ့ပြုလုပ်ပေးမယ့် Form Filler တစ်ခုဖြစ်ပါတယ်။ အရေးကြီးတဲ့ အချက်အလက်တွေကို encrypt လုပ်ပေးထားပါတယ်။



FastestFox - Browse Faster 2.1.9

Download တစ်ပြိုင်နက် ပြုလုပ်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ကြည့်ခြင်း၊ နောက်ဆုံးမျက်နှာကိုအလိုအလျောက် ဖွင့်ခြင်း၊ ရှာဖွေမှုကို ပိုမိုကောင်းမွန်စွာ ပြုလုပ်ခြင်း စတာတွေကို အချိန်ကုန်သက်သာစွာနဲ့ ပြုလုပ်ဆောင်နိုင်မယ့် add-on ဖြစ်ပါတယ်။

Fast Dial 3.10

Firefox အတွက် အသွင်ဆန်းသစ်တဲ့ bookmarks ဖြစ်ပါတယ်။ နောက်ဆုံးပေါ် Firefox version အားလုံးနဲ့ အသုံးပြုနိုင်ပါတယ်။

Capture Fox 0.10

Tutorial နဲ့ e-lesson တွေအတွက် screencast ပြုလုပ်ရန် screen နဲ့ voice ကို ဖမ်းယူပေးနိုင်တဲ့ add-on ဖြစ်ပါတယ်။



Tab Mix Plus 0.4.3.0

Tab Mix Plus ကတော့ tab browsing အတွက် add-on ဖြစ်ပါတယ်။ Tab များကို ထိန်းချုပ်ခြင်း၊ ပိတ်ထားသည့် tab နှင့် window များပြန်ဖွင့်ခြင်းအပြင် full-featured session manager ဖြင့်လည်း သုံးနိုင်ပါတယ်။



QuickJava 1.8.1.1

Java, Javascript, Cookies, Image Animations, Flash, Silverlight, Images, Stylesheets နဲ့ proxy တို့ကို status bar နဲ့ toolbar ကနေ enable/disable လုပ်နိုင်ပါတယ်။



Xmarks Sync 4.2.1

Xmarks ကတော့ သိမ်းဆည်းထားတဲ့ bookmark တွေကို ကွန်ပျူတာတွေနဲ့ browser တွေမှာ synchronize ပြုလုပ်ပေးတဲ့ add-on ပါ။

Personas Plus 1.7.2.1

Persona ကတော့ Firefox အတွက် skin တွေကို အလွယ်တကူ install လုပ်ပေးမယ့် add-on ဖြစ်ပါတယ်။ ဒုံးအပြင် နှစ်သက်ရာ Persona တွေကိုလည်း သတ်မှတ်ထားနိုင်ပါတယ်။

Pocket (formerly Read It Later) 3.0.4

အွန်လိုင်းပေါ်မှာတွေ့ရှိတဲ့ အရာတွေကို နောက်မှ ဖတ်ရှုလိုတဲ့အခါ Pocket မှာ သိမ်းဆည်းထားနိုင်ပါတယ်။ ဒီ add-on ဟာ ဖုန်း၊ tablet ကွန်ပျူတာနဲ့ ကွန်ပျူတာတွေကို အလို အလျောက် sync ပြုလုပ်ပေးနိုင်တာကြောင့် အင်တာနက်ချိတ်ဆက်မှုမလိုဘဲ သိမ်းဆည်းထားတာတွေကို ဘယ်အချိန်မဆို ဖတ်နိုင်ပါတယ်။



SmoothWheel 0.45.8.20130819.3

Mouse wheel နဲ့ web page တွေကို scroll လုပ်ပြီးကြည့်ရှုတဲ့အခါ ချောမွေ့စွာနဲ့ကြည့်ရှုနိုင်စေမယ့် add-on ဖြစ်ပါတယ်။



Yoono: Twitter Facebook LinkedIn YouTube GTalk AIM 7.7.29

လူမှုကွန်ရက်တွေ အားလုံးနဲ့ instant messging အားလုံးကို တစ်နေရာတည်းမှာ အလွယ်တကူအသုံးပြုနိုင်စေမယ့် add-on ဖြစ်ပါတယ်။ Firefox အတွက် download ပြုလုပ်မှုအများဆုံး social networking add-on လည်း ဖြစ်ပါတယ်။ Facebook, Twitter, LinkedIn, YouTube စတာတွေမှာ status update ပြုလုပ်ခြင်း၊ ဝေမျှခြင်းတို့ကို ပြုလုပ်နိုင်ပါတယ်။

Secure Login 1.0.5

Secure Login ကတော့ Firefox မှာ password manager ကို ပေါင်းစပ်ထည့်သွင်းပေးမယ့် add-on ဖြစ်ပါတယ်။

Web developer များအတွက် အကောင်းဆုံး add-on (၁၀) မျိုး

Web Developer

https://addons.mozilla.org/en-US/firefox/addon/web-developer

Web Developer ဟာ ကွဲပြားခြားနားသော web developer tool တွေကို browser မှာ ထည့်သွင်းပေးမယ့် add-on ဖြစ်ပါတယ်။

Firebug

https://addons.mozilla.org/en-US/firefox/addon/firebug

Firebug ကတော့ ခွဲခြမ်းစောင်းချုပ်ခြင်းတဲ့ web developer tool တွေကို Firefox မှာထည့်သွင်းပေးမယ့် add-on ဖြစ်ပါတယ်။ ဘယ် webpage ပေါ်က CSS, HTML နဲ့ JavaScript ကိုမဆို ပြင်ဆင်ခြင်း၊ အမှားရှာခြင်း၊ စစ်ဆေးခြင်းတို့ကိုပြုလုပ်နိုင်ပါတယ်။

ColorZilla

https://addons.mozilla.org/en-US/firefox/addon/colorzilla/

Eyedropper, Color Picker, Gradient Generator စတာတွေကို ပြုလုပ်နိုင်စေမယ့် Firefod add-on ဖြစ်ပါတယ်။

MeasureIt

https://addons.mozilla.org/en-US/firefox/addon/measureit/

ဘယ် webpage ပေါ်မှာမဆို ပေတံတစ်ခုကို ဆွဲပြီး webpage ရဲ့ အလျား၊ အနံ စစ်ဆေးခြင်းတို့ကို ပြုလုပ်စေမယ့် add-on ဖြစ်ပါတယ်။

Html Validator

https://addons.mozilla.org/en-US/firefox/addon/html-validator/

HTML Validator ကတော့ Firefox နဲ့ Mozilla မှာ HTML validation ကို ထည့်သွင်းပေးမယ့် add-on ဖြစ်ပါတယ်။ HTML page ပေါ်က error တွေကို icon တစ်ခုစီနဲ့ မြင်တွေ့ရမှာဖြစ်ပါတယ်။

XML Tree

https://chrome.google.com/webstore/detail/xml-tree/gbammbheopgpmaagmckhpjbfgdfkpadb?utm_source=chrome-ntp-icon

XML Tree ဆိုတဲ့ Extension ကတော့ Web Developer တွေအတွက်အထောက်အကူပြုပေးနိုင်မယ့် Extension တစ်ခုဖြစ်ပါတယ်။ ဒီ Extension ကိုထည့်သွင်းအသုံးပြုခြင်းဖြင့် သင့်ရဲ့ Browser အတွင်းမှာတင် XML Code တွေကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ColorPick Eyedropper

https://chrome.google.com/webstore/detail/colorpick-eyedropper/ohcpnigalekghcmgcdcenkpelffpdolg?utm_source=chrome-ntp-icon

ColorPick Eyedropper ဆိုတဲ့ Extension ကတော့ အရောင်တွေအမျိုးမျိုးရဲ့ Code တွေကို အလွယ်တကူနဲ့ရှာဖွေပေးနိုင်မှာဖြစ်ပြီး အရောင်တစ်ရောင် ရှင်းစီအတွက် အတိအကျ Code တွေကိုထည့်သွင်းနိုင်မှာ ဖြစ်ပါတယ်။

CSS Viewer

https://chrome.google.com/webstore/detail/cssviewer/ggfgijbpiheegefliciemofobhmofgce?utm_source=chrome-ntp-icon

CSS Viewer ကတော့ Web Developer တွေအတွက် အသုံးဝင်မယ့် Extension တစ်ခုဖြစ်ပါတယ်။ Web Site တစ်ခုရဲ့ Font , Color, Background Color အစရှိတာတွေကို ကလစ်ဆောင်းပြီး မည်သည့်နေရာမှာ ဘယ်လို Code တွေကို အသုံးပြုထားတယ်ဆိုတာမျိုးကို ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

PHP Notepad

https://chrome.google.com/webstore/detail/php-notepad/goeeiijhgidlcakidjcclIfebdkkhaia?utm_source=chrome-ntp-icon

PHP Notepad ဆိုတာကတော သင့်ရဲ့ Browser ပေါ်ကနေတင် PHP Code တွေကို အသုံးပြုနိုင်မယ့် Extension တစ်ခုဖြစ်ပါတယ်။ PHP Code တွေကိုအသုံးပြုဖို့အတွက် Text Editor သီးသန့်မလိုတော့ဘဲ Browser ပေါ်မှာတင် Code တွေကို စမ်းသပ်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

Web Developer

https://chrome.google.com/webstore/detail/web-developer/bfbameneiokkgbdmiekhjnmfkcnldhhm?utm_source=chrome-ntp-icon

Web Developer Extension မှာတော့ Developer တွေအတွက်လိုအပ်မယ့် Tool တွေကို အစုံအလင်တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီ Extension တစ်ခုကို အသုံးပြုပြီး သင့်ရဲ့ Web နဲ့ပတ်သက်တဲ့ Code တွေကို အမှားရှာခြင်း၊ ပြင်ဆင်ခြင်းတွေကိုပြုလုပ်နိုင်မှာဖြစ်ပါတယ်။